http://www.dhammadownload.com

မဟာဂန္ဓာရုံဆရာတော် ရေးသားခဲ့သော

ကန်္ဒါဘာသာဋီကာနှင့်

ဝိနည်းမဟာဝါဘာသာဋီကာတို့ထဲမှ

သိမ်နှင့်ပတ်သက်သော ရေးသားချက်များကို

အမေးအဖြေပုံစံဖြင့် ဖော်ပြထားသည်။

သာမဏေကျော်

# မဟာဂန္ဓာရုံဆရာတော်

ရေးခဲ့တဲ့

# သိမ်အကြောင်း

ပါရမီ

စာပေ

http://www.dhammadownload.com

သာမဏေကျော်

# မဟာဂန္ဓာရုံဆရာတော်ရေးခဲ့တဲ့ သိမ်အကြောင်း

ပါရမီ
စာပေ

http://www.dhammadownload.com

**မဟာဂန္ဓာရုံဆရာတော်ရေးခဲ့တဲ့သိမ်အကြောင်း**
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ် ဧပြီလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၂၅/ ၂၀၀၃(၄)နှင့် စာမူ
ခွင့်ပြုချက်အမှတ် ၁၄၅/ ၂၀၀၃(၂)တို့အရ ဦးတင်ရှိန်
(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊
တောင်ဥက္ကလာပမြို့နယ်... 

**တန်ဖိုး ၁၅၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

## မာတိကာ

၁။ သိမ်ဆိုတာ ဘာကိုခေါ်တာပါလဲ။ ၁၅
၂။ ဝိသုံဂါမသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။ ၁၅
၃။ ဝိသုံဂါမမှာ ဘာအတွက် ဗဒ္ဓသိမ် သမုတ်ကြ ပြန်တာပါလဲ။ ၁၅
၄။ ခေတ်ဆိုတာက ဘာပါလဲ။ ၁၆
၅။ ဗဒ္ဓသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။ ၁၆
၆။ ကမ္မဝါစာနဲ့သမုတ်စရာမလိုတဲ့သိမ် (အဗဒ္ဓသိမ်) ဆိုတာ ဘယ်လိုသိမ်တွေပါလဲ။ ၁၆
၇။ မဟာသိမ်နဲ့ခဏ္ဍသိမ်က ဘယ်လို ခြားနားပါသလဲ။ ၁၇
၈။ သမာနသံဝါသကသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။ ၁၇
၉။ အဝိပ္ပဝါသသိမ်ဆိုတာ ဘယ်လိုသိမ်ပါလဲ။ ၁၈
၁၀။ ဂါမခေတ်၊ နိဂမခေတ်၊ နဂရခေတ် ဆိုတာ ဘာပါလဲ။ ၁၈
၁၁။ နိဂုံး၊ မြို့၊ ရွာတို့က ဘယ်လို ထူးပါသလဲ။ ၁၉
၁၂။ "ရွာတစ်ရွာ" လို့ ပိုင်းခြားသတ်မှတ်ထားခြင်းနဲ့ အခွန်ရခြင်းမရခြင်းမှာ ဘယ်ဟာကဂါမခေတ် တစ်ခု၊ ဂါမသိမ်တစ်ခု" လို့ ယူရာမှာ လိုရင်း ကျပါသလဲ။ ၁၉

http://www.dhammadownload.com



၁၃။ သူကြီးတစ်ပိုင် ၂ ရွာ၊ ၃ ရွာကို "ဂါမ
ခေတ်တစ်ခု၊ ဂါမသိမ်တစ်ခု" လို့ ယူ
သင့်ပါသလား။ ၂၀
၁၄။ မြို့တစ်မြို့၊ နိဂုံးတစ်ခု သတ်မှတ်ရာမှာ မြို့ပိုင်
(မြို့သူကြီး)၊ နိဂုံးသူကြီးတို့ရဲ့ပိုင်မှုက လိုရင်း
ကျပါသလား။ ၂၁
၁၅။ ရပ်ကွက်လူကြီး၊ အရပ်အုပ်လူကြီးတွေရဲ့
အုပ်ချုပ်ရာ တစ်ကွက်ကို "သီးခြားဂါမသိမ်"
လို့ ယူသင့်ပါသလား။ ၂၁
၁၆။ သိမ်သမုတ်တယ်ဆိုတာ ဘာကို ခေါ်တာပါလဲ။ ၂၁
၁၇။ ကမ္မဝါစာရွတ်ဖတ်တဲ့ပုဂ္ဂိုလ်က ဘယ်လို
ပုဂ္ဂိုလ်ဖြစ်ရမှာပါလဲ။ ၂၁
၁၈။ သိမန္တရိက်ဆိုတာ ဘာကို ခေါ်တာပါလဲ။ ၂၂
၁၉။ သိမန္တရိက်ခေါ်ကျောက်တိုင်ကိုစိုက်ရာ မဟာ
သိမ်သမုတ်ရန် ရည်ရွယ်ချက်မရှိရင် အကျိုး
များပါသလား။ ၂၂
၂၀။ သိမ်သမုတ်ရင် ရဟန်း ဘယ်နှစ်ပါးရှိမှ
သမုတ်နိုင်ပါသလဲ။ ၂၃
၂၁။ ပကတတ်ရဟန်းဆိုတာ ဘယ်လိုရဟန်း
ပါလဲ။ ၂၃
၂၂။ နယ်သိမ်းသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။ ၂၃

http://www.dhammadownload.com



၂၃။ နယ်သိမ်းသိမ်သမုတ်ရင် နယ်ထဲရှိသံဃာ
တွေနဲ့စပ်ပြီး သိမ်သမုတ်ချိန်မှာ ဘာလုပ်ရန်
လိုအပ်ပါသလဲ။ ၂၄
၂၄။ ဟတ္ထပါသ်ဆိုတာ ဘာပါလဲ။ ၂၄
၂၅။ သမာနသံဝါသကသိမ်သမုတ်ပြီး ဘာလို့
အဝိပ္ပဝါသသိမ်ကို သမုတ်ရတာပါလဲ။ ၂၄
၂၆။ ယခုကာလမှာ သိမ်သမုတ်ပုံ နုတ်ပုံ အစဉ်က
ဘယ်လိုပါလဲ။ ၂၅
၂၇။ ယခုအခါ ဗဒ္ဓသိမ်တစ်ခုမှာ ခတ်ကြိုးသွယ်
ထားရင် ကံပြုခါနီး ခတ်ကြိုးကိုဖြုတ်လေ့ ရှိ
ကြပါတယ်။ အဲဒါ လိုအပ်ပါသလား။ ၂၅
၂၈။ မြေအောက်မှာမြုပ်နေတဲ့ အမြစ်တွေနဲ့
ကျောက်ဖျာ၊ ကျောက်တောင်စသည်အတွက်
သိမ်ချင်းရောယှက်မှု ဖြစ်ပါသလား။ ၂၆
၂၉။ အချင်းချင်း စပ်နိုင်တဲ့သိမ်၊ မစပ်နိုင်တဲ့သိမ်တွေ
က ဘာတွေပါလဲ။ ၂၇
၃၀။ မြစ်ရေရဲ့အောက် မြေပြင်ရောက်နေတဲ့
သစ်ကိုင်းမှာ လေ့ကြိုးချည်ပြီး ကံပြုကောင်း
ပါသလား။ ၂၇
၃၁။ သမာနသံဝါသကသိမ်သမုတ် ကမ္မဝါစာ
ဖတ်ပြီးရင် ဘယ်နေရာက သိမ်ဖြစ်ပြီး ဘယ်

http://www.dhammadownload.com



နေရာက သိမ်မဖြစ်ပါသလဲ။ အောက်ဘယ်
အရပ်ထိ သိမ်ဖြစ်သွားပါသလဲ။ ၂၇
၃၂။ နယ်သိမ်းသိမ်သမုတ် ကမ္မဝါစာဖတ်နေချိန်မှာ
ဘယ်နေရာတွေမှာ ဘာအတွက်၊ ဘယ်လို
လူတွေကို ထားရပါမလဲ။ ၂၈
၃၃။ အဲဒီလို အစောင့်တွေကိုထားပြီး သိမ်သမုတ်
ကမ္မဝါစာမဖတ်ခင် ဘာတွေလုပ်ဖို့ လိုအပ်
ပါသေးသလဲ။ ၂၈
၃၄။ မဟာသိမ်သမုတ်လိုရင် သီမန္တရိက်ချန်ဖို့
လိုအပ်ပါသလား။ ၂၉
၃၅။ ဒီ မဟာသိမ်သမုတ်နည်းဟာ ဝိသုံဂါမ
သိမ်သမုတ်နည်းနဲ့ တူပါသလား။ ၂၉
၃၆။ ဝိသုံဂါမ အမိန့်ရလို့ သမုတ်ထားတဲ့သိမ်
ကျဉ်းလို့ ထပ်ချဲ့ရင် ရနိုင်ပါသလား။ ၃၀
၃၇။ သိမ်အပြင်ဘက် အနည်းငယ်ထွက်စေပြီး
ကျောင်းဆောက်လို့ ရပါသလား။ ၃၀
၃၈။ အထက်ထပ်မှာသမုတ်တဲ့သိမ်ဟာ အောက်
ထပ်သို့သက်ပုံ၊ မသက်ပုံနဲ့ ပတ်သက်ပြီး
ဘယ်လိုမှတ်သားရပါမလဲ။ ၃၀
၃၉။ အတွင်းတိုင်၊ အပြင်တိုင်တွေနဲ့ တည်ဆောက်
ထားတဲ့ပြာသာဒ်မှာ အပြင်တိုင်များရဲ့အတွင်း

http://www.dhammadownload.com



မှာ နိမိတ်ထားပြီးသမုတ်ရာ၌ အဲဒီသိမ်ရဲ့
အတွင်းကျတဲ့တိုင်တွေနဲ့ ဆက်သွယ်ထားတဲ့
အထက်ထပ်ဟာ သိမ်မှာ တည်ပါသလား။ ၃၁

၄၀။ သိမ်တွင်းတိုင်၊ သိမ်ပြင်တိုင်တွေနဲ့ အညီအမျှ
ဆောက်ထားတဲ့ အထက်ထပ်ဟာ သိမ်မှာ
တည်ပါသလား။ ၃၁

၄၁။ သမာနသံဝါသက သိမ်သမုတ် ကမ္မဝါစာမှာ
"သမာနသံဝါသ" အရ ကံအားလုံးကို ယူရမှာ
ပါလား။ ၃၂

၄၂။ သိမ်သမုတ်ကမ္မဝါစာမှာ "သမာနသံဝါသံ
ဧကုပေါသထံ" လို့ ရှိပါတယ်။ အဲဒီပါဠိမှာ
ဥပေါသထကို ဘာကြောင့် သီးခြားယူရတာ
ပါလဲ။ ၃၂

၄၃။ ဗဒ္ဓသိမ်နဲ့ ဂါမသိမ်ဟာ ဘာကြောင့် ရောစပ်မှု
အဖြစ်မရှိပါသလဲ။ ၃၂

၄၄။ ဘာကြောင့် သိမ်သမုတ်ဖို့ ဘုရားရှင်က ခွင့်ပြု
တော်မူပါသလဲ။ ၃၂

၄၅။ သမာနသံဝါသကသိမ်သမုတ်တဲ့ ကမ္မဝါစာရဲ့
အဓိပ္ပာယ်က ဘယ်လိုပါလဲ။ ၃၃

၄၆။ အဝိပ္ပဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာ ရဲ့
အဓိပ္ပာယ်က ဘယ်လိုပါလဲ။ ၃၄

http://www.dhammadownload.com



၄၇။ သမာနသံဝါသသိမ်သမုတ်တဲ့ ကမ္မ ဝါစာ
ပါဠိက ဘယ်လိုပါလဲ။ ၃၅
၄၈။ အဝိပ္ပဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာ ပါဠိက
ဘယ်လိုပါလဲ။ ၃၆
၄၉။ အဘယ့်ကြောင့် သိမ်နုတ်ကြရပါသလဲ။ ၃၇
၅၀။ သိမ်နုတ်တဲ့အခါ ညောင်စောင်းကွက် မချဘဲ
နုတ်လို့ရပါသလား။ ၃၇
၅၁။ အဝိပ္ပဝါသသိမ်နဲ့သမာနသံဝါသသိမ် တွေကို
နုတ်တဲ့ကမ္မဝါစာတွေရဲ့အဓိပ္ပာယ်က ဘာပါလဲ။ ၃၈
၅၂။ အဝိပ္ပဝါသသိမ်နုတ် ကမ္မဝါစာပါဠိက ဘယ်
လိုပါလဲ။ ၃၉
၅၃။ သမာနသံဝါသသိမ်နုတ်တဲ့ ကမ္မဝါစာ ပါဠိက
ဘယ်လိုပါလဲ။ ၄၀
၅၄။ နိမိတ်ဆိုတာ ဘာကို ခေါ်တာပါလဲ။ ၄၁
၅၅။ နိမိတ်ကြားတယ်ဆိုတာ ဘယ်လိုပါလဲ။ ၄၁
၅၆။ နိမိတ် (သိမ်အမှတ်အသား) က ဘယ်
လောက်ရှိပါသလဲ။ ၄၁
၅၇။ နိမိတ်တစ်မျိုးတည်းကိုသာ မှတ်သားရတာ
ပါလား၊ အမျိုးမျိုးရောပြီး သတ်မှတ်နိုင်ပါ
သေးလား။ ၄၁

2B

http://www.dhammadownload.com



၅၈။ နိမိတ်အနည်းအများ ဘယ်လိုထား နိုင်ပါ
သလဲ။ ၄၂
၅၉။ သိမ်နိမိတ် မေး၊ ဖြေရာမှာ ပါဠိဘာသာ
မဟုတ်ဘဲ မြန်မာဘာသာစကားနဲ့လည်း
မေးနိုင် ဖြေနိုင်ပါသလား။ ၄၂
၆၀။ သိမ်နိမိတ်ကို ဘယ်နေရာမှာနေပြီး နိမိတ်
ကြားရပါသလဲ။ ၄၃
၆၁။ သိမ်နိမိတ်ရဲ့အနားရောက်နေပါရင် "ဧသော"
နေရာမှာ ဘယ်လိုပြင်ပြီး ဆိုသင့်ပါသလဲ။ ၄၃
၆၂။ သိမ်နိမိတ်မေးပုံ၊ ဖြေပုံ၊ ကြားပုံက ဘယ်
လိုပါလဲ။ ၄၃
၆၃။ နိမိတ်ဖြေရာမှာ ဘယ်လိုပုဂ္ဂိုလ်က ဖြေ
နိုင်ပါသလဲ။ ၄၄
၆၄။ သိမ်ဟာ ဘယ်လောက်အထိ သေးငယ်
နိုင်, ကြီးနိုင်ပါသလဲ။ ၄၅
၆၅။ သိမ်ပျက်တွေမှာ ပြုလုပ်အပ်တဲ့ကံဟာ
အထမြောက်ပါသလား။ ၄၅
၆၆။ သိမ်ပျက်က ဘယ်လောက်ရှိပါသလဲ။ ၄၅
၆၇။ မြစ်၊ သမုဒ္ဒရာ၊ အိုင်တွေမှာ သိမ်သမုတ်လို့
မရနိုင်ဘူးလား။ ၄၆
၆၈။ သိမ်ဟောင်းကိုလွှမ်းမိုး၍ဖြစ်စေ၊ ဆက်စပ်

http://www.dhammadownload.com



ရှဲဖြစ်စေ သိမ်အသစ်သမုတ်ရင် သိမ်ဟောင်းက ပျက်သွားပါသလား။ ၄၆
၆၉။ ရေးသိမ်ဟောင်းကို ဘယ်လိုလုပ်မှ ပျက်ပါသလဲ။ ၄၆
၇၀။ ရေကို နိမိတ်လုပ်လိုရင် ဘယ်လိုရေ က နိမိတ်ဖြစ်၍ ဘယ်လိုရေက မဖြစ်နိုင်ပါသလဲ။ ၄၇
၇၁။ ရေကို နိမိတ်ပြုပြီးနောက် ခန်းခြောက်သွားရင် ဘာကို သိမ်ရဲ့အမှတ်အသား ပြုထားရပါမလဲ။ ၄၇
၇၂။ နိမိတ်မကြားခင် ဘာလုပ်ရပါမလဲ၊ ကြားပြီးနောက် ဘာလုပ်ရပါမလဲ။ ၄၇
၇၃။ နိမိတ်ကို တစ်ကြိမ် ကြားရင် ပြီးနိုင်တယ် မဟုတ်ပါလား။ ၃ ကြိမ်လိုအပ်ပါသလား။ ၄၈
၇၄။ သိမ်နိမိတ်ရှိရာအရပ်ကို မသွားဘဲလည်း နိမိတ်ကို ပြောလို့ ရပါသလား။ ၄၈
၇၅။ နိမိတ်မေးသူ၊ နိမိတ်ပြောကြားသူဟာ ဘယ်လိုပုဂ္ဂိုလ် ဖြစ်ရပါမလဲ။ ၄၉
၇၆။ သစ်ပင်တစ်ပင်တည်းကို သိမ်နှစ်လုံး ရဲ့ နိမိတ်လုပ်ထိုက်ပါသလား။ ၄၉
၇၇။ အဲဒီလို ရောယှက်သွားတဲ့အတွက် အဲဒီသိမ် ပျက်သွားပါသလား။ ၅၀
၇၈။ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပ သိမ်တွေမှာ

http://www.dhammadownload.com



ဘာကြောင့် ဥပစာအတွက် သတ္တဗ္ဘန္တရအပို၊
ဥဒကုက္ခေပ အပိုကို ထားရပါသလဲ။ ၅၀

၇၉။ ဗဒ္ဓသိမ်များ၌ သိမ်အတွင်းမှာ ဟတ္ထပါသ်
မစပ်ဘဲနေတဲ့ရဟန်းသာ ကံကို ပျက်စေတယ်၊
သိမ်ပြင်ဘက် သီမန္တရိက်မှာ နေတဲ့ရဟန်းက
ကံကို မပျက်စေ နိုင်ပါ။ ဒီ ဥဒကုက္ခေပနဲ့
သတ္တဗ္ဘန္တရသိမ်တွေမှာတော့ ဥပစာအပိုင်း
အခြားကို မလွန်ဘဲနေသူလည်း ကံပျက်စေ
နိုင်တယ် ဆိုတဲ့စကားဟာ မလွန်လွန်းပါ
သလော။ ၅၁

၈၀။ ရေကို နိမိတ်ပြုလုပ်ရာမှာ စီးသွားတဲ့ ရေကို
ဘာကြောင့် နိမိတ်မလုပ်နိုင်ပါသလဲ။ ၅၁

၈၁။ နိမိတ်ဟာ သိမ်အတွင်းကလား၊ အပြင်
ကလား။ ၅၁

၈၂။ ကျောက်ကိုနိမိတ်လုပ်လိုရင် ကျောက်ရဲ့
အငယ်ဆုံး ပမာဏ၊ အကြီးဆုံး ပမာဏက
ဘယ်လောက် ရှိရမှာပါလဲ။ ၅၂

၈၃။ နိမိတ်ဖြစ်တဲ့တောင်နဲ့ မဖြစ်တဲ့တောင်က
ဘာပါလဲ။ ၅၂

၈၄။ ဘယ်လိုတောက နိမိတ်ဖြစ်နိုင်ပြီး ဘယ်
လိုတောက နိမိတ်မဖြစ်နိုင်ပါသလဲ။ ၅၃

http://www.dhammadownload.com



၈၅။ နိမိတ်ဖြစ်နိုင် မဖြစ်နိုင်တဲ့သစ်ပင် တွေက
ဘာပင်တွေပါလဲ။ ၅၃
၈၆။ နိမိတ်ဖြစ်နိုင်တဲ့လမ်း၊ မဖြစ်နိုင်တဲ့လမ်းက
ဘယ်လိုလမ်းပါလဲ။ ၅၄
၈၇။ တောင်ပို့နိမိတ်မှာ နိမိတ်ဖြစ်၊ မဖြစ်
တောင်ပို့က ဘယ်လိုပါလဲ။ ၅၄
၈၈။ နိမိတ်ကျိုးပျက်တဲ့သိမ်တစ်မျိုး ရှိသေး
ပါသလား။ ၅၅
၈၉။ ရေတွင်းနက်နက်ထဲကရေဟာ ရေနိမိတ်
ဖြစ်နိုင်ပါသလား။ ၅၅
၉၀။ တွင်းတူးပြီး ရေလောင်းထည့်ထားရင်
ရေနိမိတ်ဖြစ်ပါသလား။ ရေနည်းနည်းရှိရင်
ဖြစ်ပါသလား။ ၅၅
၉၁။ ဥဒကုက္ခေပသိမ်မှာ ရေ (သဲ) ကို ပစ်ချမှ
သိမ်ဖြစ်ပါသလား။ ၅၆
၉၂။ အဲဒီရေ၊ သဲကို ပစ်တဲ့အခါ လက်ကို
အထက်မြှောက်ဖွယ်လိုပါသလား။ ရေ(သဲ)
ပစ်နည်းကို အနည်းငယ် ရှင်းပြပါဦး။ ၅၆
၉၃။ ရဟန်းများ စုဝေးမိတဲ့အခါ သဲ၊ ရေတွေကို
ပစ်ချပြီးမှ ဥဒကုက္ခေပသိမ် ဖြစ်ပါသလား။ ၅၆
၉၄။ မြစ်တစ်စင်းလုံး သံဃာတွေနဲ့ ပြည့်နေရင်
ဥဒကုက္ခေပသိမ်ပြုလုပ်ဖို့လိုပါသလား။ ၅၇

http://www.dhammadownload.com




၉၅။ ရေသိမ်မှာ ဘယ်လိုလုပ်ပြီး ကံပြုကြ
ပါသလဲ။ ၅၇

၉၆။ ဥဒကုက္ခေပသိမ်အတွင်းမှာ ဝဲလှည့် သလို
လှည့်နေတဲ့လှေမှာ ကံပြုနိုင်ပါသလား။ ၅၈

၉၇။ မြစ်တွင်းမှာပေါက်နေတဲ့ သစ်ပင်ပေါ် တက်ပြီး
ကံပြုရင် သစ်ကိုင်းက ဥဒကုက္ခေပသိမ်ရဲ့
အပြင်ဘက် ထွက်နေက ကံပြုရပါသလား။ ၅၈

၉၈။ ရေတစ်ကျ၊ သဲတစ်ကျနဲ့သတ်မှတ်တဲ့
ဥဒကုက္ခေပသိမ်ဖြစ်နိုင်ရာ မြစ်က အမြဲတမ်း
ရေစီးဆင်းနေရ မှာပါလား။ ၅၈

၉၉။ မြစ်၊ အင်းအိုင်၊ သမုဒ္ဒရာတွေမှာ ရေ
တစ်ကျ၊ သဲတစ်ကျနဲ့ပိုင်းခြားသတ်မှတ်
ရတဲ့ ဥဒကုက္ခေပသိမ် ပြုနိုင်ရာ နေရာက
ဘယ်နေရာပါလဲ။ ၅၉

၁၀၀။ ဇာတဿရ "အလိုလိုဖြစ်တဲ့ရေအိုင်"
ဆိုတာ ဘယ်လို အိုင်မျိုးပါလဲ။ ၆၀

http://www.dhammadownload.com

# ကန်တော့ပန်း

ဒီစာအုပ်ကလေးနဲ့ ကျေးဇူးတော်ရှင် ကျမ်းပြုအကျော်အမော် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကို ပူဇော်ပါတယ်၊ ဆရာတော်ကြီး ရေးသားခဲ့တဲ့ ကမ္ဘာ်ဘာသာဋီကာနဲ့ ဝိနည်း မဟာဝါဘာသာဋီကာ စာအုပ်တွေထဲက သိမ်နဲ့ ပတ်သက်တဲ့ ရေးသားချက်တွေကို အဖြေအဖြစ်နဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ သိမ်နဲ့ပတ်သက်ပြီး သိချင်နေကြတဲ့ ရဟန်းရှင် လူတွေရဲ့ ဆန္ဒကို ဒီစာအုပ်ကလေးက တတ်နိုင်သလောက် ဖြည့်ပေးပါလိမ့်မယ်။

**သာမဏေကျော်**

http://www.dhammadownload.com

၁။ မေး။ ။ သိမ်ဆိုတာ ဘာကို ခေါ်တာပါလဲ။

ဖြေ။ ။ သမုတ်၍ဖြစ်စေ၊ မသမုတ်ဘဲဖြစ်စေ သီးသန့် ခွဲခြားပြီး ဖွဲ့ထားအပ်တဲ့အရပ်ကို "သိမ်" လို့ ခေါ်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၀)

၂။ မေး။ ။ ဝိသုံဂါမသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။

ဖြေ။ ။ ဘုရင် သို့မဟုတ် ဘုရင့်ကိုယ်စား အာဏာရှိသူက ဂါမခေတ်တစ်ခုအတွင်းမှာပဲသီးခြားကန့်သတ်ပြီး "ဒီနေရာဟာ ဝိသုံဂါမ (အခွန်အကောက်လွတ် သီးခြားရွာ) ဖြစ်စေလို့ တစ်စုံတစ်ယောက်အား ပေးတယ်။ အဲဒီနေရာဟာလည်း ဂါမသိမ်ငယ်တစ်ခုဖြစ်ပါတော့တယ်။

(ဝိနယသင်္ဂဟ၊ ဋ္ဌ၊ ၁၉၄) (ကင်္ခါ၊ ဘာဋီ၊ ၅၄)

၃။ မေး။ ။ ဝိသုံဂါမမှာ ဘာအတွက် ဗဒ္ဓသိမ် သမုတ် ကြပြန်တာပါလဲ။

ဖြေ။ ။ ယခုကာလမှာ အာဏာပိုင်သူထံ "ဝိသုံဂါမ"အပိုင်ရအောင် တောင်းခံကြတယ်။ အဲဒီလို အပိုင်ရရင်ပဲ ကံကြီး၊ ကံငယ်ပြုနိုင်ပါပြီ၊ ဒါပေမယ့် နောင်အခါ အစိုးရ တစ်မျိုးပြောင်းပြီး နောက်အစိုးရက ပြန်သိမ်းရင် ပျက်ပြယ်နိုင်လို့ ခိုင်မြဲအောင် **ဗဒ္ဓသိမ်**သမုတ်ကြပြန်ပါတယ်။

http://www.dhammadownload.com



တချို့ဆရာတော်တွေကတော့ ဝိသုံဂါမပေးပုံကို အားမရလို့ ဗဒ္ဓသိမ်သမုတ်တဲ့အခါ မူလဂါမခေတ်ရှိ ရဟာန်းများကို နယ်သိမ်းပြီး သမုတ်ကြပါတယ်။

(ကင်္ခါ၊ ဘာဋီ၊ ၅၄)

၄။ မေး။ ။ ခေတ်ဆိုတာက ဘာပါလဲ။

ဖြေ။ ။ သူကြီးတစ်ယောက်ရဲ့ ဩဇာ အာဏာ ပြန့်နှံ့ရာ နယ်ပယ်အပိုင်းအခြားကို "ခေတ္တ = ခေတ်" လို့မှတ်ပါ။

၅။ မေး။ ။ ဗဒ္ဓသိမ်ဆိုတာ ဘယ်လို သိမ်ပါလဲ။

ဖြေ။ ။ ကမ္မဝါစာနဲ့ဖွဲ့ထား ရွတ်ထားရတဲ့ သိမ်ဟာ ဗဒ္ဓသိမ်ဖြစ်ပါတယ်။ ကမ္မဝါစာနဲ့ မဖွဲ့အပ်ရင်တော့ အဗဒ္ဓသိမ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၀)

၆။ မေး။ ။ ကမ္မဝါစာနဲ့သမုတ်စရာမလိုတဲ့သိမ် (အဗဒ္ဓသိမ်) ဆိုတာ ဘယ်လိုသိမ်တွေပါလဲ။

ဖြေ။ ။ ၁။ ဂါမသိမ်(ဂါမခေတ်တစ်ခေတ် အရပ်)

၂။ သတ္တဗ္ဘန္တရသိမ် (ရွာမရှိတဲ့ တောထဲမှာ ပတ်ဝန်းကျင်အရပ်လေးမျက်နှာ၌ ၇ အဗ္ဘန္တရ၊ ထုတ်ချင်းပေါက်အားဖြင့် ၁၄ အဗ္ဘန္တရရှိရာအရပ်)

[ တစ်အဗ္ဘန္တရမှာ ၂၈ တောင်ရှိလို့ အတောင် ၃၉၂ တောင်ရှိရာ အရပ်။]

၃။ ဥဒကုက္ခေပသိမ် [မြစ်၊ သမုဒ္ဒရာ၊ အလိုလိုဖြစ်နေတဲ့ ရေအိုင်ထဲမှာ အားအလယ် အလတ်ရှိသူ

http://www.dhammadownload.com



ရဲ့ ပတ်ဝန်းကျင်မှာ ခပ်ပစ်လိုက်တဲ့ ရေ(သဲ)ကျရာ အရပ်] တို့ဖြစ်ပါတယ်။ (ကင်္ခါ၊ ၄၅၊ ၉၀)

၇။ မေး။ ။ မဟာသိမ်နဲ့ခဏ္ဍသိမ်က ဘယ်လို ခြားနားပါသလဲ။

ဖြေ။ ။ ကျောင်းတိုက်တစ်ခုလုံးကို ဗဒ္ဓသိမ် သမုတ်ရင် အဲဒီသိမ်ကို "မဟာသိမ်" လို့ ယခုအခါ ခေါ်ကြပါတယ်။

အဲဒီလို မဟာသိမ်သမုတ်ထားရင် ကျောင်းတိုက်တွင်းရှိ သံဃာအားလုံး ကံပြုတိုင်း စုရုံးရလို့ တာဝန် ကြီးလေးပါတယ်။ ဒါကြောင့် ပရိဝါသ်၊ မာနတ်စတဲ့ကံတွေမှာ သံဃာအားလုံး မပါဘဲလည်း ကံပြီးစေဖို့ရာ ကျောင်းတိုက်ရဲ့ သင့်တော်ရာအရပ်တစ်ခုကိုပိုင်းဖြတ်ပြီး မဟာသိမ် မသမုတ်မီ ခဏ္ဍသိမ် သမုတ်ထားတတ်ကြပါတယ်။ အဲဒီနောက်မှ ခဏ္ဍသိမ်နေရာကို (သီမန္တရိက်နဲ့တကွ) ကွင်းချန်ကာ မဟာသိမ် သမုတ်ကြရပါတယ်။

(ကင်္ခါ၊ ဘာဋီ၊ ၅၅)

၈။ မေး။ ။ သမာနသံဝါသကသိမ်ဆိုတာ ဘယ် လိုသိမ်ပါလဲ။

ဖြေ။ ။ ဗဒ္ဓသိမ်သမုတ်ရာမှာ ပထမကမ္မဝါစာ ဟာ တူသော ကံကြီး၊ ကံငယ်ရှိအောင် သမုတ်ကြောင်း ကမ္မဝါစာ ဖြစ်ပါတယ်။ အဲဒီကမ္မဝါစာနဲ့သမုတ်လိုက်လို့ ဗဒ္ဓသိမ်ကိုပဲ "သမာနသံဝါသကသိမ်"လို့လည်း ခေါ်နိုင်ပါ

http://www.dhammadownload.com



တယ်။ [သမာန= တူသော+သံဝါသ= အတူတကွနေကြောင်း ကံကြီး၊ ကံငယ်ရှိရာ သိမ်]

၉။ မေး။ ။ အဝိပ္ပဝါသသိမ်ဆိုတာ ဘယ်လိုသိမ်ပါလဲ။

ဖြေ။ ။ အဲဒီပထမကမ္မဝါစာအပြီးမှာ အဝိပ္ပဝါသ ကမ္မဝါစာနဲ့ နောက်ထပ်သမုတ်ပြန်ပါတယ်။ အဲဒီ ဒုတိယ ကမ္မဝါစာရဲ့တန်ခိုးကြောင့် အဲဒီသိမ်အတွင်းမှာ (၃-ယူဇနာကျယ်စေဦးတော့) တိစီဝရိက်အဓိဋ္ဌာန်တင်ထားအပ်တဲ့ သင်္ကန်းနဲ့ဝေးကွာပြီး နေခွင့်ရပါတယ်။ အဲဒီ ဒုတိယ အကြိမ် သမုတ်အပ်တဲ့သိမ်ကိုလည်း "အဝိပ္ပဝါသသိမ်" လို့ ခေါ်ပါတယ်။ (အဝိပ္ပဝါသ = တိစီဝရိက်အဓိဋ္ဌာန် တင်ထားအပ်တဲ့ သင်္ကန်းနဲ့ [ထုံးစံအတိုင်းဆိုရင် အရုဏ်တက်ချိန်မှာ ဒုတိယကထိနသိက္ခာပုဒ်အရ ဝေးကွာ၍မနေရ။ ဒီသိမ်အတွင်းမှာတော့) ကင်းကွာပြီးနေပေမယ့် နေသည် မမည်ကြောင်း နိဿဂ္ဂိမထိုက်ကြောင်းဖြစ်တဲ့သိမ်။] ဒီ ခဏ္ဍာ၊ သမာနသံဝါသက၊ အဝိပ္ပဝါသသိမ်ဆိုတာ တစ်သီးတစ်ခြားမဟုတ်၊ ဗဒ္ဓသိမ်ပဲဖြစ်လို့ (ထမနဲ့ ယာဂုအလား) နာမည်သာ ကွဲပြားတယ်။ (ကခ်ါ၊ ဘာဋ္ဌီ၊ ၅၅)

၁၀။ မေး။ ။ ဂါမခေတ်၊ နိဂမခေတ်၊ နဂရခေတ် ဆိုတာ ဘာပါလဲ။

ဖြေ။ ။ ဂါမခေတ်၊ ရွာနယ်ဆိုတာ တစ်ရွာ

http://www.dhammadownload.com



တည်းသာမက သူကြီးတစ်ပိုင်နယ်မြေအတွင်းမှာ ရွာ အများ ရှိနေပေမယ့် ဂါမခေတ်တစ်ခေတ်ပါပဲ။

အဲဒီဂါမခေတ်ဟာ ကမ္မဝါစာနဲ့ မဖွဲ့ရဘဲ အလိုလို ပိုင်းခြား ကန့်သတ်ပြီး ဖြစ်နေလို့ ဂါမသိမ်မည်ပါတယ်။

နိဂုံးတစ်နယ်က နိဂမခေတ်။ မြို့နယ်တစ်နယ်က နဂရခေတ်။ အဲဒီခေတ် ၂ ပါးလုံးကို ဂါမခေတ်ထဲမှာ သွင်း ယူရပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၅၆)

၁၁။ မေး။ ။ နိဂုံး၊ မြို့၊ ရွာတို့က ဘယ်လိုထူးပါသလဲ။

ဖြေ။ ။ ၁။ တံတိုင်းမလုံ၊ ဈေးသာစုံ၊ နိဂုံ အမည် ပေး။

၂။ တံတိုင်းရံပြု၊ ဈေးလည်းစု၊ မြို့ဟု ခေါ် ရန်ရေး။

၃။ တံတိုင်း ဈေးနှာ၊ မရှိပါ၊ ရွာသာ မည် လေသေး။ (ကင်္ခါ၊ ဘာဋီ၊ ၅၆)

၁၂။ မေး။ ။ “ရွာတစ်ရွာ” လို့ ပိုင်းခြားသတ်မှတ် ထားခြင်းနဲ့ အခွန်ရခြင်းမရခြင်းမှာ ဘယ်ဟာက ဂါမခေတ် တစ်ခု၊ ဂါမသိမ်တစ်ခု” လို့ ယူရာမှာ လိုရင်းကျပါသလဲ။

ဖြေ။ ။ ဘောဇကာ ဗလိံ လဘန္တိ။ ရွာစား (ရွာ သူကြီး)တွေဟာ အခွန်အတုတ်ကိုရကြတယ်” လို့ ဆိုတဲ့ စကားကို ထောက်ပြီး ရွာငယ် ၂ ရွာ၊ ၃ ရွာ စသည်ကို ရွာသူကြီးတစ်ယောက်တည်းကအုပ်ချုပ်လျက် အခွန်ရရာမှာ

http://www.dhammadownload.com



အဲဒီရွာငယ်တစ်ခုကိုပဲ "ဂါမခေတ်တစ်ခေတ်"လို့ အများပင် ယူကြပါတယ်။

ထို့ပြင် "ဝိသုံဂါမအမိန့်ခံရာမှာလည်း အဲဒီရွာသူကြီးက အမိန့်ခံပြီး ရွာသီးခြားရစေကာမူ အဲဒီဂါမခေတ်တစ်ခုတည်းမှာ ပါဝင်လို့ ဝိသုံဂါမ မဖြစ်လို့"လို့ယူဆကြပါတယ်။ အဲဒီလို ယူရာမှာ အခွန်ရခြင်း၊ မရခြင်းက လိုရင်းမဟုတ်ပါ။ "ရွာတစ်ရွာ"လို့ ပိုင်းခြားပြီးထားခြင်းကသာ လိုရင်း ဖြစ်ပါတယ်။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)

၁၃။ မေး။ ။ သူကြီးတစ်ပိုင် ၂ ရွာ၊ ၃ ရွာကို "ဂါမခေတ်တစ်ခု၊ ဂါမသိမ်တစ်ခု" လို့ယူသင့်ပါသလား။

ဖြေ။ ။ ဗလိံ လဘန္တိတိ ဣဒံ ယေဘုယျေန ဝုတ္တံ၊ အယံ ဂါမော ဧတ္တကော ကရီသဘာဂေါတိ အာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု။ ပေ။ သောပိ ဂါမသီမာ ဧဝ။

ဒီဝိမတိဋီကာစကားမှာ "ဒီရွာဟာ ဒီလောက် ဒီလောက် ကရီသကျယ်တယ်" လို့ သတ်မှတ်ထားရာ အရပ်ကို "ဂါမသီမာ" လို့ဆိုထားလို့ မင်းတွေက ၂ ရွာ၊ ၃ ရွာ စသည်ပေါင်းပြီး "ဒီရွာဟာ ဒီလောက် ဒီလောက် ကျယ်တယ်" လို့ မသတ်မှတ်ကြပါ။ တစ်ရွာတည်းကိုသာ သတ်မှတ်ကြပါတယ်။ ဒါကြောင့် သူကြီးတစ်ပိုင် ၂ ရွာ၊ ၃ ရွာကို "ဂါမခေတ်တစ်ခု၊ ဂါမသိမ် တစ်ခု"လို့ ယူတာကို စဉ်းစားသင့်ပါတယ်။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)

http://www.dhammadownload.com



၁၄။ မေး။ ။ မြို့တစ်မြို့၊ နိဂုံးတစ်ခု သတ်မှတ်ရာမှာ မြို့ပိုင်(မြို့သူကြီး)၊ နိဂုံးသူကြီးတို့ရဲ့ပိုင်မှုက လိုရင်းကျပါသလား။

ဖြေ။ ။ မြို့တစ်မြို့ဟာ မြို့ပိုင်တစ်ယောက်၊ သို့မဟုတ် မြို့သူကြီးတစ်ယောက်ရဲ့ပိုင်ခြင်းက လိုရင်း မဟုတ်ပါ။ အစိုးရတွေက "မည်သည့်အရပ်ဟာ မည်သည့်မြို့" လို့ သတ်မှတ်ထားရင် အဲဒီအရပ်ဟာ နဂရတစ်ခု(မြို့တစ်မြို့)ပါပဲ။ နိဂုံးမှာလည်း နည်းတူပါပဲ။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၄၃)

၁၅။ မေး။ ။ ရပ်ကွက်လူကြီး၊ အရပ်အုပ်လူကြီးတွေရဲ့အုပ်ချုပ်ရာတစ်ကွက်ကို "သီးခြားဂါမသိမ်" လို့ယူသင့်ပါသလား။

ဖြေ။ ။ မြို့တစ်မြို့မှာ ရပ်ကွက်အလိုက် လူကြီး၊ အရပ်အုပ်တွေရဲ့အုပ်ချုပ်ရာ တစ်ကွက်ကို "သီးခြား ဂါမသိမ်" လို့ မယူသင့်ပါ။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)

၁၆။ မေး။ ။ သိမ်သမုတ်တယ်ဆိုတာ ဘာကိုခေါ်တာပါလဲ။

ဖြေ။ ။ သိမ်သမုတ်ကမ္မဝါစာ ရွတ်ဖတ်တာ ကိုပဲ သိမ်သမုတ်တယ်လို့ခေါ်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၇)

၁၇။ မေး။ ။ ကမ္မဝါစာရွတ်ဖတ်တဲ့ပုဂ္ဂိုလ်က ဘယ် လို ပုဂ္ဂိုလ်ဖြစ်ရမှာပါလဲ။

http://www.dhammadownload.com



ဖြေ။ ။ ကမ္မဝါစာရဲ့ အနက်အဓိပ္ပာယ်ကို နားလည်ပြီး ဌာန်,ကရိုဏ်း ပီသစွာ ရွတ်စွမ်းနိုင်တဲ့ (ဗျတ္တ၊ ပဋိဗလ) ရဟန်းပုဂ္ဂိုလ်ဖြစ်ရပါမယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၈)

၁၈။ မေး။ ။ သီမန္တရိက်ဆိုတာ ဘာကိုခေါ်တာ ပါလဲ။

ဖြေ။ ။ ခဏ္ဍသိမ်သမုတ်ပြီးနောက် မဟာသိမ်သမုတ်တဲ့အခါ သိမ်နှစ်ခုမစပ်အောင် အကြားမှာ ထားအပ်တဲ့ အပိုင်းအခြား အရပ်တစ်ခုကို "သီမန္တရိက်" လို့ဆိုပါတယ်။[သီမာနံ+အန္တရံ သီမန္တရံ။ "သီမန္တရေ+ပဝတ္တာ(ဖြစ်တဲ့အပိုင်းအခြားတည်း) သီမန္တရိကာ။]

အဲဒီလို ပိုင်းခြားထားတဲ့အရပ်ဖြစ်လို့ တစ်တောင်၊ တစ်ထွာ၊ လက် ၄ သစ်မရှိဘဲ လက် ၁ သစ်လောက်ရှိရင်လည်း အပ်ပါတယ်။ တစ်တောင်လောက်ကျယ်ရင် အကြားအရပ်က သာပြီး ထင်ရှားလို့ တစ်တောင် အတိုင်း အတာဟာ အပ်တယ်လို့ဆိုတာပါ။

(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၁၁)

၁၉။ မေး။ ။ သီမန္တရိက်ခေါ်ကျောက်တိုင်ကို စိုက်ရာ မဟာသိမ်သမုတ်ရန် ရည်ရွယ်ချက်မရှိရင် အကျိုးများပါသလား။

ဖြေ။ ။ ယခုခေတ်မှာတော့ ခဏ္ဍသိမ်၊ မဟာ သိမ် ၂ မျိုးလုံးကို သမုတ်ဖို့ရည်ရွယ်ချက် မရှိပေမယ့် သိမ် ရဲ့

http://www.dhammadownload.com



ပတ်ဝန်းကျင်မှာ ပထမနိမိတ်တိုင်ကို စိုက်ပြီးနောက် တစ်တောင့်ထွာနှစ်တောင်လောက်ခြားပြီး သီမန္တရိက် ခေါ် ကျောက်တိုင်ကို ပတ်ဝန်းကျင်မှာစိုက်ကြပါသေးတယ်။

အဲဒီသီမန္တရိက်ကား မဟာသိမ် သမုတ်ရန် ရည်ရွယ်ချက်မရှိရင် အကျိုး မများလှပါ။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၁)

၂၀။ မေး။ ။ သိမ်သမုတ်ရင် ရဟန်း ဘယ်နှစ်ပါးရှိမှ သမုတ်နိုင်ပါသလဲ။

ဖြေ။ ။ အနည်းဆုံး ပကတတ်ရဟန်း ၄ ပါး ရှိ ရပါတယ်။ ၄ ပါးထက်တော့ အလိုရှိသလောက် များနိုင်ပါ တယ်။ (ကင်္ခါ၊ ဋ္ဌ၊ ၈၉၊ ဘာသာဋီကာ၊ ၅၃)

၂၁။ မေး။ ။ပကတတ် ရဟန်း ဆိုတာ ဘယ်လို ရဟန်း ပါလဲ။

ဖြေ။ ။ ပကတတ်ရဟန်း ဆိုတာ ပါရာဇိက ကျသူလည်း မဟုတ်ရ၊ အာပတ်ကို မရှုခြင်း၊ မကုခြင်း၊ အယူမှားကို မစွန့်ခြင်းတို့ကြောင့် နှင်ထုတ်ခံရသူလည်း မဟုတ်ရ။ ရိုးရိုးရဟန်းပါပဲ။ (ကင်္ခါ၊ ဋ္ဌ၊ ၁၄၅၊ ဘာဋီ၊ ၃၈)

၂၂။ မေး။ ။ နယ်သိမ်းသိမ်ဆိုတာ ဘယ်လိုသိမ်ပါလဲ။

ဖြေ။ ။ နယ်ရှိ ရဟန်းအားလုံးကို သိမ်းပြီး သမုတ်ရတဲ့သိမ်ဖြစ်ပါတယ်။

http://www.dhammadownload.com



၂၃။ မေး။ ။ နယ်သိမ်းသိမ်သမုတ်ရင် နယ်ထဲရှိ သံဃာတွေနဲ့စပ်ပြီး သိမ်သမုတ်ချိန်မှာ ဘာလုပ်ရန် လိုအပ်ပါသလဲ။

ဖြေ။ ။ နယ်သိမ်းသိမ်သမုတ်ရာကို မလာနိုင်၊ မလာလိုတဲ့ရဟန်းတွေကို သမုတ်ထားသည့်သိမ်ရှိရင် အဲဒီသိမ်တွင်းကိုဝင်နေစေရပါတယ်။ အဲဒီ ဂါမခေတ် နယ်ထဲမှာ မြစ်၊ သမုဒ္ဒရာ၊ အလိုလိုဖြစ်နေတဲ့ အိုင်ရှိရင် အဲဒီအတွင်းကို ဝင်နေစေရပါတယ်။ အဲဒီလို ဝင်မနေတဲ့ရဟန်းအားလုံးဟာ သိမ်သစ် (နယ်သိမ်းသိမ်)သမုတ်ရာကို လာပြီး ဟတ္ထပါသ်စပ်အောင် နေစေရပါတယ်။ သို့မဟုတ် သဘောတူကြောင်း ဆန္ဒ ရအောင် ဆောင်ယူရပါတယ်။

(ကင်္ခါ၊ ဠ၊ ၈၉၊ ဘာဋီ၊ ၅၃)

၂၄။ မေး။ ။ ဟတ္ထပါသ်ဆိုတာ ဘာပါလဲ။

ဖြေ။ ။ ဟတ္ထပါသ်ဆိုတာ လက်လှမ်းမီအရပ် ပါ။ တစ်နည်း ၂ တောင့်ထွာ ဝေးတဲ့ အရပ်ပါ။

(ကင်္ခါ၊ ဘာဋီ၊ ၃၉)

၂၅။ မေး။ ။ သမာနသံဝါသကသိမ်သမုတ်ပြီး ဘာလို့ အဝိပ္ပဝါသသိမ်ကို သမုတ်ရတာပါလဲ။

ဖြေ။ ။ အဝိပ္ပဝါသသိမ်ကိုထပ်ပြီး သမုတ်လိုက်ရင် အဝိပ္ပဝါသသိမ်ကို ထပ်ပြီးသမုတ်ထားမှန်း မသိတဲ့ ရန်သူရဟန်းတွေက သမာနသံဝါသသိမ်ကို နုတ်ပစ်မယ်

http://www.dhammadownload.com



လို့ကြံပြီး နုတ်ကြပေမယ့် အဝိပ္ပဝါသသိမ်က အပေါ်မှာ အုပ်ထားလို့ အဲဒီ သမာနသံဝါသကသိမ် မပျက်ဘဲ ခိုင်မြဲနိုင်ပါတယ်။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၀)

၂၆။ မေး။ ။ ယခုကာလမှာ သိမ်သမုတ်ပုံ နုတ်ပုံ အစဉ်က ဘယ်လိုပါလဲ။

ဖြေ။ ။ ယခုအခါမှာတော့ သမာနသံဝါသက သိမ်ကို ပထမ သမုတ်ပြီးနောက် အဝိပ္ပဝါသသိမ်ကို ဒုတိယ ထပ်ပြီး သမုတ်လေ့ရှိကြလို့ ရန်သူရဟန်းတွေက အဝိပ္ပဝါသ သိမ် ထပ်ပြီး သမုတ်ထားကြောင်းကို မသိစရာမရှိတော့။ ဒါကြောင့် ယခုအခါ သိမ်အသစ်သမုတ်လိုလို့ သိမ်နုတ်ကြရာမှာလည်း အပေါ်ကထပ်ထားတဲ့ အဝိပ္ပဝါသသိမ်ကို ရှေးဦးစွာနုတ်ပြီးမှ သမာနသံဝါသက သိမ်ကို နုတ်လေ့ ရှိကြပါတယ်။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၀)

၂၇။ မေး။ ။ ယခုအခါ ဗဒ္ဓသိမ်တစ်ခုမှာ ခါတ်ကြိုး သွယ်ထားရင် ကံပြုခါနီး ခါတ်ကြိုးကိုဖြုတ်လေ့ရှိကြပါတယ်။ အဲဒါ လိုအပ်ပါသလား။

ဖြေ။ ။ ယခုအခါ ဗဒ္ဓသိမ်တစ်ခုမှာ ခါတ်ကြိုး သွယ်ထားရင် အဲဒီကြိုးဟာ အခြားဗဒ္ဓသိမ်တွေမှာလည်း ရောက်နေပါက သိမ်ချင်းကူးယှက်ရာရောက်ပါတယ်။ အဲဒီလို ကူးရာမှာ “အပြစ်မရှိ” လို့ယူဆကြတဲ့ဆရာများလည်း ရှိပါတယ်။ အချို့ဆရာတွေကတော့ “သီမာသင်္ကရ၊ သိမ်

http://www.dhammadownload.com



ချင်း ရောယှက်မှုဖြစ်တယ်” လို့ယူဆပြီး ကံပြုခါနီးမှာ ဓာတ်ကြိုးကိုဖြုတ်ကာ အဆက်အသွယ်ဖြတ်ထားကြပါတယ်။

အဲဒီမှာ “သီမာသင်္ကရ၊ သိမ်ချင်းရောယှက်မှုမဖြစ်” လို့ယူဆတဲ့ ဆရာတွေဟာ “ထင်ရှားစွာဝင်လာတဲ့ သစ်မြစ်အားဖြင့် သိမ်ချင်းရောယှက်မှုဖြစ်တယ်” လို့ ဆိုတဲ့ ဝိမတိစကားနဲ့ရော၊ ရှေးမှာ ဥဒကုက္ခေပသိမ်ရဲ့လှေကြိုးကို မြစ်ကမ်းဘေးမှာ ဂါမသိမ်နဲ့ရောမှာစိုးလို့ မချည်ဖို့ တားမြစ်တဲ့ အဋ္ဌကထာစကားနဲ့ပါ စဉ်းစားသင့်ကြပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၈)

၂၈။ မေး။ ။ မြေအောက်မှာမြုပ်နေတဲ့ အမြစ်တွေနဲ့ ကျောက်ဖျာ၊ ကျောက်တောင် စသည်အတွက် သိမ်ချင်းရောယှက်မှု ဖြစ်ပါသလား။

ဖြေ။ ။ သစ်ပင်ရဲ့ ပင်လုံး၊ အကိုင်း၊ အခက်တွေကြောင့်သာ သိမ်ချင်းရောယှက်မှုဖြစ်နိုင်တာ မဟုတ်ပါ။ မြေပေါ်မှာ အထင်အရှား ပေါ်ထွက်နေတဲ့ အမြစ်အားဖြင့်ပါ သိမ်ချင်းရောယှက်မှု ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်မြေအောက်မှာ မြုပ်နေတဲ့အမြစ်တွေအတွက်မှာတော့ သိမ်ချင်းရောယှက်မှု မဖြစ်ပါ။ ကျောက်ဖျာ၊ ကျောက်တောင် စသည်အတွက် “သိမ်ချင်းရောယှက်တယ်” လို့ မဆိုရ၊ အဲဒီကျောက်ဖျာ၊ ကျောက်တောင် စသည်ဟာ မြေကြီးနဲ့သဘောတူ(ဘူမိဂတိက) သာ ဖြစ်ပါတယ်။

(ဝိမတိ။ ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၈)

http://www.dhammadownload.com



၂၉။ မေး။ ။ အချင်းချင်းစပ်နိုင်တဲ့ သိမ်၊ မစပ်နိုင်တဲ့ သိမ် တွေက ဘာတွေပါလဲ။

ဖြေ။ ။ ဂါမနဲ့ ဗဒ္ဓသိမ်ဟာ အမှီခံနဲ့ မှီတတ် တာ ဖြစ်လို့ သဘောတူသိမ်ဖြစ်တဲ့အတွက် စပ်ကောင်း သလို အရည်နဲ့ သတ္တဗ္ဘန္တရသိမ်၊ နဒီစသည်နဲ့ ဥဒကုက္ခေပ သိမ်တွေ ဟာလည်း အမှီခံနဲ့မှီတတ်တာဖြစ်လို့ သဘောတူ သိမ်ဖြစ်တဲ့အတွက် စပ်ကောင်းပါတယ်။ ဂါမ၊ ဗဒ္ဓတွေနဲ့ ဥဒကုက္ခေပ၊ သတ္တဗ္ဘန္တရတို့ဟာ သဘောမတူလို့ အချင်းချင်း မစပ်ကောင်း၊ စပ်ရင် သိမ်ရောယှက်မှုဖြစ်လို့ သိမ်ပျက်ပါ တယ်။ (ဝိနည်း မဟာဝါ၊ ဘာ ဋီ၊ ၃၅၀)

၃၀။ မေး။ ။ မြစ်ရေရဲ့အောက် မြေပြင်ရောက်နေတဲ့ သစ်ကိုင်းမှာ လှေကြိုးချည်ပြီး ကံပြုကောင်းပါသလား။

ဖြေ။ ။ မြစ်ကမ်းရဲ့ဘေး(ဂါမခေတ်)မှာ ပေါက်နေ တဲ့ သစ်ပင်ရဲ့အကိုင်းဟာ မြစ်ရေရဲ့အောက်မြေပြင်ရောက်နေ စေကာမူ အဲဒီအကိုင်းမှာ လှေရဲ့ကြိုးကိုချည်ပြီး ကံမပြု ကောင်းပါ။ မြေမရောက်ဘဲ အပေါ်မှာဝဲနေတဲ့ သစ်ကိုင်းမှာ မချည်ကောင်းကြောင်းကိုကား အထူးဆိုဖွယ် မလိုပါ။ မြစ် ပျဉ်းရဲ့မြစ်တွင်းဝင်ရောက်နေရာမှာလည်း နည်းတူပါပဲ။ ဝိမတိ။ (ဝိနည်း၊ မဟာဝါ၊ ဘာဋီ၊ ၃၅၀)

၃၁။ မေး။ ။ သမာနသံဝါသက သိမ်သမုတ်ကမ္မဝါစာ ဖတ်ပြီးရင် ဘယ်နေရာက သိမ်ဖြစ်ပြီး ဘယ်နေရာက သိမ် မဖြစ်ပါသလဲ။ အောက်ဘယ်အရပ်ထိ သိမ် ဖြစ်သွားပါ သလဲ။

http://www.dhammadownload.com



ဖြေ။ ။ သမာနသံဝါသက သိမ်သမုတ် ကမ္မဝါစာ ရဲ့အဆုံးမှာ နိမိတ်တွေရဲ့အတွင်းက သိမ်ဖြစ်ပါတယ်။ နိမိတ်တွေက သိမ်ရဲ့အပြင်ဘက်မှာဖြစ်ပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၂၉၁။ ။ ဋ္ဌ၊ ၃၁၈)

သမာနသံဝါသက သိမ်သမုတ်ကမ္မဝါစာရဲ့ အဆုံးမှာပဲ သိမ်နိမိတ်တွေကို အပြင်ဘက်မှာ ပြုပြီး အောက်အရပ်မှာ မြေကို ခံထားတဲ့ ရေကို အဆုံးအပိုင်းအခြားပြုကာ သိမ်က ရောက်သွားပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၈၊ ဋ္ဌ၊ ၃၂၃)

၃၂။ မေး။ ။ နယ်သိမ်းသိမ်သမုတ် ကမ္မဝါစာ ဖတ်နေချိန်မှာ ဘယ်နေရာတွေမှာ ဘာအတွက်၊ ဘယ်လိုလူတွေကို ထားရပါမလဲ။

ဖြေ။ ။ ရဟန်းတွေက စည်းဝေးပြီး မလာနိုင်တဲ့ ရဟန်း (ဆန္ဒကိုဆောင်ထိုက်တဲ့ရဟန်း) တွေရဲ့ဆန္ဒခံယူကာ လမ်းတွေ၊ မြစ်ဆိပ်တွေ၊ ရွာတံခါးတွေ စတဲ့ နေရာတွေမှာ ဧည့်သည်ရဟန်းတွေကို သိမ်သမုတ်မယ့် ရဟန်းတွေရဲ့ ဟတ္ထပါသ်သို့မြန်မြန်ဆောင်ဖို့နဲ့ သိမ်နယ်ပြင်ဘက်မှာ ထားဖို့ အာရာမ်စောင့် လူဒကာတွေနဲ့ သာမဏေတွေကို ထားရပါတယ်။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၇၊ ဋ္ဌ၊ ၃၂၃)

၃၃။ မေး။ ။ အဲဒီလို အစောင့်တွေကိုထားပြီး သိမ်သမုတ် ကမ္မဝါစာမဖတ်ခင် ဘာတွေလုပ်ဖို့ လိုအပ်ပါသေးသလဲ။

http://www.dhammadownload.com



ဖြေ။ ။ စည်ကြီးတီးခတ်၊ သို့မဟုတ် ခရုသင်းမှုတ်ပြီး နိမိတ်တွေကို ပြောကြားရပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၈၊ ၄၅၊ ၃၂၃)

၃၄။ မေး။ ။ မဟာသိမ်သမုတ်လိုရင် သီမန္တရိက် ချန်ဖို့ လိုအပ်ပါသလား။

ဖြေ။ ။ သိမ်မသမုတ်ရသေးတဲ့ ကျောင်းတိုက်အတွက် တစ်တိုက်လုံးကို မဟာသိမ်သမုတ်တဲ့အခါ ကျောင်းတိုက် အပြင်ဘက်မှာ သီမန္တရိက်ဥပစာကျန်အောင်မှန်းပြီး ချန်ထားရမယ်လို့ ဝိမတိက ဆိုပါတယ်။

သာရတ္ထမှာတော့ "နောက်သမုတ်မယ့် သိမ်ရဲ့နေရာ ဥပစာချန်၍" လို့ ဆိုပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၅)

၃၅။ မေး။ ။ ဒီ မဟာသိမ်သမုတ်နည်းဟာ ဝိသုံဂါမသိမ်သမုတ်နည်းနဲ့ တူပါသလား။

ဖြေ။ ။ ဒီမဟာသိမ်သမုတ်နည်းဟာ ဝိသုံဂါမသီးခြားသိမ်မိန့်ခံပြီး သမုတ်နည်းမျိုးမဟုတ်ပါ။ သိမ်မိန့်မခံဘဲ သမုတ်နည်းမျိုးဖြစ်ပါတယ်။ ဝိသုံဂါမအမိန့်ရပြီးသမုတ်ရင်တော့ ဒီနည်းမလိုပါ။ ဒါပေမယ့် ရှေးဆရာတော်တွေက ဝိသုံဂါမအမိန့်ရပြီးဖြစ်ပေမယ့် ဂါမခေတ်က နယ်ကျဉ်းနေရင် ဒီနည်းအတိုင်း သမုတ်ကြပါတယ်။ တချို့တော နယ်တွေမှာ နယ်သိမ်းပြီး သမုတ်ဖို့လည်း လွယ်ကူပါတယ်။

http://www.dhammadownload.com



၃၆။ မေး။ ။ ဝိသုံဂါမအမိန့်ရလို့ သမုတ်ထားတဲ့ သိမ် ကျဉ်းလို့ထပ်ချဲ့ရင် ရနိုင်ပါသလား။

ဖြေ။ ။ အဲဒီသိမ်က နောင်အခါ အဲဒီကျောင်း တိုက်မှာ သံဃာတိုးပွားလာလို့ ကျဉ်းနေရင် အဲဒီသိမ်ကို နုတ်ပြီး တိုးချဲ့ သမုတ်နိုင်ပါတယ်။

သိမ်သမုတ်ရာ ဂါမခေတ်မှ အခြားဂါမခေတ်ကို သွင်းပြီး သမုတ်နိုင်ပုံကို ထောက်ရင် ယခုအခါ ဝိသုံဂါမ အမိန့်ရတဲ့ သိမ်နေရာဟာ ကျဉ်းနေရင် အဲဒီဝိသုံဂါမရဲ့ ပတ်ဝန်းကျင်ဟာလည်း မူလဂါမပင်ဖြစ်လို့အဲဒီမူလခေတ်မှ လိုသလောက် အတွင်းသွင်းပြီးလည်း သမုတ်နိုင်ပါတယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၆)

၃၇။ မေး။ ။ သိမ်အပြင်ဘက် အနည်းငယ် ထွက်စေပြီး ကျောင်းဆောက်လို့ ရပါသလား။

ဖြေ။ ။ ယခုအခါ သမုတ်အပ်ပြီးတဲ့သိမ်က ကျဉ်းနေလို့ သိမ်ကျောင်းကို သိမ်အပြင်ဘက်အနည်းငယ် ထွက်စေပြီး ဆောက်ရာမှာ အပြစ်လွတ်ကင်းကြောင်းကို သိပါ။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၆)

၃၈။ မေး။ ။ အထက်ထပ်မှာသမုတ်တဲ့သိမ်ဟာ အောက်ထပ်သို့ သက်ပုံ၊ မသက်ပုံနဲ့ ပတ်သက်ပြီး ဘယ်လို မှတ်သားရပါမလဲ။

ဖြေ။ ။ အထက်ထပ်ပမာဏရဲ့ အတွင်းကျတဲ့

http://www.dhammadownload.com



အောက်အထပ်မှာ နံရံ ၄ ဖက်ဟာ (ထုပ်၊ လျှောက်) အားဖြင့် အထက်ထပ်နဲ့တစ်စပ်တည်း ဆက်စပ်နေတဲ့အပြင် ၂၁ ပါးနေနိုင်လောက်ရင် အောက်ထပ်ကို သက်ဆင်းပါတယ်၊ အဲဒီလိုအင်္ဂါမစုံရင် အောက်ထပ်ကို မသက်ဆင်းပါ။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၇)

၃၉။ မေး။ ။ အတွင်းတိုင်၊ အပြင်တိုင်တွေနဲ့ တည်ဆောက် ထားတဲ့ပြာသာဒ်မှာ အပြင်တိုင်များရဲ့အတွင်းမှာ နိမိတ်ထားပြီး သမုတ်ရာ၌ အဲဒီသိမ်ရဲ့ အတွင်းကျတဲ့ တိုင်တွေနဲ့ဆက်သွယ်ထားတဲ့အထက်ထပ်ဟာ သိမ်မှာတည်ပါသလား။

ဖြေ။ ။ အဲဒီအထက်ထပ်ဟာ သိမ်မှာတည်ပါတယ်။ (ဝိနည်း၊ မဟာဝါ၊ ဘာဋီ၊ ၃၁၇)

၄၀။ မေး။ ။ သိမ်တွင်းတိုင်၊ သိမ်ပြင်တိုင်တွေနဲ့ အညီအမျှဆောက်ထားတဲ့ အထက်ထပ်ဟာ သိမ်မှာ တည်ပါသလား။

ဖြေ။ ။ "အထက်ထပ်တစ်ဝက်သာ သိမ်ဖြစ်တယ်" လို့ ကေစိဆရာတွေက ဆိုကြပါတယ်။ အပရေဆရာတွေကတော့ "အားလုံး ဂါမသိမ်ပါပဲ" လို့ ဆိုကြပါတယ်။ အညေဆရာတွေကတော့ "အားလုံး ဗဒ္ဓသိမ်ဖြစ်တယ်" လို့ ဆိုကြပါတယ်။

အဲဒီလို အဆိုကွဲပြားလို့ ယုံမှားစရာဖြစ်တဲ့ အရာဝယ် ယုံမှားဖွယ်မရှိတဲ့ အရပ်မှာသာတည်ပြီး ကံပြုပါ၊ သို့မဟုတ် ဆုံးဖြတ်ဖို့ရန်အကြောင်းကိုရှာပြီး အဲဒီအဆုံးအဖြတ်

http://www.dhammadownload.com



အားလျော်စွာ ကံပြုပါလို့ ဆိုပါတယ်။

ဝိမတိ။ (ဝိနည်း မဟာဝါ၊ ဘာဠ္ဌီ၊ ၃၁၇)

၄၁။ မေး။ ။ သမာနသံဝါသက သိမ်သမုတ် ကမ္မဝါစာမှာ "သမာနသံဝါသ" အရ ကံအားလုံးကို ယူရမှာပါလား။

ဖြေ။ ။ "ဧကူပေါသထ"နဲ့ဥပုသ်ကံကို သီးခြားယူပြီးဖြစ်လို့ "သမာနသံဝါသ"အရ ကြွင်းတဲ့ကံတွေကို သာယူရတော့တယ်လို့ မှတ်ပါ။

(ဝိနည်း မဟာဝါ၊ ဘာဠ္ဌီ၊ ၃၄၂)

၄၂။ မေး။ ။ သိမ်သမုတ်ကမ္မဝါစာမှာ "သမာနသံဝါသံ ဧကူပေါသထံ" လို့ ရှိပါတယ်။ အဲဒီပါဠိမှာ ဥပေါသထကို ဘာကြောင့် သီးခြား ယူရတာပါလဲ။

ဖြေ။ ။ သိမ်သမုတ်ရခြင်းရဲ့ အကြောင်းဝတ္ထုက ဥပုသ်ကံကို အခြေခံပြုပြီး ဖြစ်လာလို့ပါပဲ။

(ဝိနည်း မဟာဝါ၊ ဘာဠ္ဌီ၊ ၃၄၂)

၄၃။ မေး။ ။ ဗဒ္ဓသိမ်နဲ့ ဂါမသိမ်ဟာ ဘာကြောင့် ရောစပ်မှုအဖြစ် မရှိပါသလဲ။

ဖြေ။ ။ ဂါမသိမ်နဲ့ဗဒ္ဓသိမ် (ခဏ္ဍသိမ်ဖြစ်ဖြစ်၊ မဟာသိမ်ဖြစ်ဖြစ်) ဟာ အမှိခံနဲ့မှီတတ်တဲ့အရာ အဖြစ်ဖြင့် အမြဲတွဲဖက်နေလို့ပါပဲ။ (ဝိနည်းမဟာဝါ၊ ဘာဠ္ဌီ၊ ၃၂၄)

၄၄။ မေး။ ။ ဘာကြောင့် သိမ်သမုတ်ဖို့ ဘုရားရှင်က ခွင့်ပြုတော်မူပါသလဲ။

ဖြေ။ ။ "ကျောင်းတိုက်တစ်ခုရှိရာအရပ်နဲ့ ညီညွတ်မှုဖြစ်တယ်လို့ ဘုရားရှင်က ပညတ်ထားတယ်။ ကျောင်းတိုက်တစ်ခုဟာ ဘယ်လောက်အတိုင်းအတာရှိတဲ့ အရပ်နဲ့ ဖြစ်ပါလိမ့်မလဲ" လို့ ရဟန်းတွေမှာ အကြံဖြစ်ပေါ်လာပါတယ်။ အဲဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတဲ့အခါ ဘုရားရှင်က ရဟန်းတွေအား သိမ်သမုတ်ဖို့ ခွင့်ပြုတော်မူပါတယ်။ (ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၄)

၄၅။ မေး။ ။ သမာနသံဝါသကသိမ်သမုတ်တဲ့ ကမ္မဝါစာရဲ့အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ အရှင်ဘုရားတို့ သံဃာဟာ တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ၊ ပတ်ဝန်းကျင်မှာ ဒီလောက်အတိုင်း အရှည်ရှိတဲ့ အရပ်နဲ့ နိမိတ်တွေကို ပြောကြားပြီးပါပြီ။ သံဃာရဲ့ သိမ်သမုတ်ကံဟာ သင့်လျော်တဲ့အခါရှိပါရင် သံဃာက အဲဒီနိမိတ်တွေနဲ့ တူသော ကံကြီး၊ ကံငယ်ရှိရာ၊ တူသောဥပုသ်ရှိရာသိမ်ကို သမုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့ စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ ပတ်ဝန်းကျင်မှာ ဒီလောက် အတိုင်း အရှည်ရှိတဲ့ အရပ်နဲ့ နိမိတ်တွေကို ပြောကြားပြီးပါပြီ။ သံဃာက အဲဒီနိမိတ်တွေနဲ့ တူသော ကံကြီး၊ ကံငယ်ရှိရာ၊ တူသောဥပုသ်ရှိရာ သိမ်ကို သမုတ်ပါတယ်။ အဲဒီနိမိတ်တွေ

http://www.dhammadownload.com



နဲ့ သိမ်သမုတ်တာကို နှစ်သက်တဲ့အရှင်ဟာ ဆိတ်ဆိတ်နေတော်မူပါ။ မနှစ်သက်တဲ့အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီနိမိတ်တွေနဲ့ တူသော ကံကြီး ကံငယ် ရှိရာ၊ တူသောဥပုသ်ရှိရာ သိမ်ကို သမုတ်ပြီးပါပြီ။ သံဃာက နှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။

(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၄)

၄၆။ မေး။ ။ အဝိပ္ပဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာ ရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ သံဃာက တူသော ကံကြီး ကံငယ်ရှိရာ၊ တူသောဥပုသ်ရှိရာသိမ်ကို သမုတ်ထားပါတယ်။ သံဃာရဲ့သိမ်သမုတ်ကံဟာ သင့်လျော်တဲ့အခါရှိပါရင် သံဃာက အဲဒီ သမာနသံဝါသ သိမ်ကို ရွာနဲ့ ရွာဥပစာကိုချန်ထားပြီး သုံးထည်သောသင်္ကန်းနဲ့ကင်းပြီး နေလို့ အာပတ်မသင့်ရာသိမ်လို့သမုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့ စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက တူသော ကံကြီး ကံငယ်ရှိရာ၊ တူသောဥပုသ်ရှိရာသိမ်ကို သမုတ်ထားပါတယ်။ သံဃာက အဲဒီသမာနသံဝါသသိမ်ကို ရွာနဲ့ ရွာ

http://www.dhammadownload.com



ဥပစာကိုချန်ပြီး သင်္ကန်းသုံးထည်နဲ့ကင်းပြီးနေလို့ အာပတ်မသင့်ရာသိမ်လို့သမုတ်ပါတယ်။ အဲဒီသမုတ်တာကို နှစ်သက်တဲ့ အရှင်က ဆိတ်ဆိတ်နေတော်မူပါ၊ မနှစ်သက်တဲ့ အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီသိမ်ကို ရွာနဲ့ရွာဥပစာကိုချန်ထားပြီး သင်္ကန်းသုံးထည်နဲ့ ကင်းပြီးနေလို့ အာပတ်မသင့်ရာ သိမ်လို့ သမုတ်ပြီးပါပြီ။ သံဃာက နှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။ ( ဝိနည်းမဟာဝါ၊ ပါဠိ၊ ၁၄၈)

၄၇။ မေး။ ။ သမာနသံဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာပါဠိက ဘယ်လိုပါလဲ။

ဖြေ။ ။ သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာ ယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာနသံဝါသာယ ဧကူပေါသထာယ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

http://www.dhammadownload.com



သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါပါဠိ၊ ၁၄၄)

၄၈။ မေး။ ။ အဝိပ္ပဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာ ပါဠိက ဘယ်လိုပါလဲ။

ဖြေ။ ။ သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

(ဝိနည်း မဟာဝါပါဠိ၊ ၁၄၈)

http://www.dhammadownload.com



၄၉။ မေး။ ။ အဘယ့်ကြောင့် သိမ်နုတ်ကြရပါသလဲ။

ဖြေ။ ။ ရှေးသိမ်ဟောင်းများရှိခဲ့ရင် ယခုသမုတ်မည့် သိမ်အသစ်နဲ့ ရောစပ်မှု အပြစ်၊ လွှမ်းမိုးမှု အပြစ် ဖြစ်မည်စိုးလို့ သိမ်နုတ်ကမ္မဝါစာဖတ်လျက် သိမ်နုတ်ကြရပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၁)

၅၀။ မေး။ ။ သိမ်နုတ်တဲ့အခါ ညောင်စောင်းကွက်မချဘဲ နုတ်လို့ရပါသလား။

ဖြေ။ ။ အဋ္ဌကထာမှာ "သိမ်နေရာကို သေချာစွာ သိမှ နုတ်ပါ၊ ထပ်ပြီး သမုတ်ပါ" လို့ ဆိုထားပေမယ့် ယခုအခါမှာ သိမ်အသစ်သမုတ်လိုရင် "ရှေးကသိမ်ဟောင်းများရှိခဲ့သော်" လို့ ကြံဆပြီး သိမ်သမုတ်မယ့်နေရာမှာ ရဟန်း ၄ ပါးထိုင်ရုံသာ ညောင်စောင်း ကွက်ချပြီးဖြစ်စေ၊ ညောင်စောင်းကွက်မချဘဲလည်း အချင်းချင်းမထိစေဘဲ (ထိရင် သိမ် ၂ ခုရှိခဲ့သော် ရောယှက်မှာစိုးလို့ မထိစေဘဲ) မတ်မတ်ရပ်ကာ သိမ်နုတ်ကမ္မဝါစာကို ကိုယ်စီရွတ်ပြီး သိမ်နုတ်လေ့ရှိကြပါတယ်။ အဲဒီညောင်စောင်းကွက်ချထားတဲ့ အလေ့ဟာ ဝိမတိဋီကာဆရာတို့လက်ထက်ကပင် ရှိခဲ့ပါတယ်။ ဝိမတိကြည့်ပါ။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၁)

၅၁။ မေး။ ။ အဝိပ္ပဝါသသိမ်နဲ့သမာနသံဝါသသိမ်တွေကိုနုတ်တဲ့ ကမ္မဝါစာတွေရဲ့အဓိပ္ပာယ်က ဘာပါလဲ။

http://www.dhammadownload.com



ဖြေ။ ။ အဝိပ္ပဝါသသိမ်နုတ်ကမ္မဝါစာရဲ့ အဓိပ္ပာယ် မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက သင်္ကန်းသုံးထည်နဲ့ ကင်းပြီးနေလို့ အာပတ်မသင့်ရာ သိမ်ကို သမုတ်ထားပါတယ်။ သံဃာရဲ့သိမ်နုတ်ကံဟာ သင့်လျော်တဲ့အခါ ရှိပါရင် သံဃာက အဲဒီတိစီဝရေနအဝိပ္ပဝါသသိမ်(သင်္ကန်းသုံးထည်နဲ့ ကင်းပြီးနေလို့ အာပတ်မသင့်ရာသိမ်)ကို နုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက တိစီဝရေန အဝိပ္ပဝါသသိမ်ကို သမုတ်ထားပါတယ်။ သံဃာက အဲဒီ တိစီဝရေနအဝိပ္ပဝါသသိမ်ကို နုတ်ပါတယ်။ အဲဒီ တိစီဝရေန အဝိပ္ပဝါသသိမ်နုတ်တာကို နှစ်သက်တဲ့အရှင်က ဆိတ်ဆိတ်နေတော်မူပါ။ မနှစ်သက်တဲ့အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီ တိစီဝရေနအဝိပ္ပဝါသသိမ်ကို နုတ်ပြီးပါပြီ။ သံဃာကနှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။ (ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၉)

သမာနသံဝါသ သိမ်နုတ်ကမ္မဝါစာရဲ့ အဓိပ္ပာယ် က အောက်ပါအတိုင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက ကံကြီး၊ ကံငယ် အတူပြုရာ၊ ဥပုသ်အတူ ပြုရာဖြစ်တဲ့ သိမ်ကို သမုတ်ပြီးပါပြီ။ သံဃာရဲ့ သိမ်နုတ်ကံဟာ သင့်လျော်တဲ့အခါရှိပါရင် သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကို နုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့ စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက ကံကြီး၊ ကံငယ် အတူပြုရာ၊ ဥပုသ်အတူပြုရာသိမ်ကို သမုတ်ပြီးပါပြီ။ သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကို နုတ်ပါတယ်။ အဲဒီသိမ်နုတ်တာကို နှစ်သက်တဲ့အရှင်က ဆိတ်ဆိတ် နေတော်မူပါ။ မနှစ်သက်တဲ့အရှင်က ပြောဆိုပါ။

သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကိုနုတ်ပြီးပါပြီ။ သံဃာက နှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။ (ဝိနည်းမဟာဝါပါဠိ၊ ၁၄၉)

၅၂။ မေး။ ။ အဝိပ္ပဝါသသိမ်နုတ် ကမ္မဝါစာပါဠိက ဘယ်လိုပါလဲ။

ဖြေ။ ။ သုဏာတု မေ ဘန္တေ သံဃော၊ ယော

http://www.dhammadownload.com



သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမ္မုဟနေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမ္မုဟနတိ။ ယဿာ ယသ္မတော ခမတိ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃါတော၊ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ သမ္မုဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါပါဠိ။ ၁၄၉)

၅၃။ မေး။ ။ သမာနသံဝါသသိမ်နုတ်တဲ့ ကမ္မဝါစာ ပါဠိက ဘယ်လိုပါလဲ။

ဖြေ။ ။ သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ သမ္မုဟနေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။ သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ သမ္မုဟနတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာ ယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာ-

http://www.dhammadownload.com



ယ ဧကူပေါသထာယ သမုဂ္ဂါတော၊ သော တုဏှသ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မုဟတာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (ဝိနည်းမဟာဝါပါဠိ။ ၁၄၉)

၅၄။ မေး။ ။ နိမိတ်ဆိုတာ ဘာကို ခေါ်တာပါလဲ။

ဖြေ။ ။ သိမ်ရဲ့ အမှတ်အသားကို နိမိတ်လို့ ခေါ်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၁)

၅၅။ မေး။ ။ နိမိတ်ကြားတယ်ဆိုတာ ဘယ်လိုပါလဲ။

ဖြေ။ ။ မည်သည့်အရပ်မှာ မည်သည့် အမှတ်အသားရှိကြောင်း ပြောပြခြင်းကို "နိမိတ်ကြား" လို့ ခေါ်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၁)

၅၆။ မေး။ ။ နိမိတ် (သိမ်အမှတ်အသား) က ဘယ်လောက် ရှိပါသလဲ။

ဖြေ။ ။ တောင်၊ ကျောက်၊ တော၊ သစ်၊ လမ်းဖြစ်၊ တောင်ပို့၊ မြစ်၊ ရေတို့ မှတ်ဖို့ နိမိတ်ရှစ်။

(ကင်္ခါ၊ ဘာဋီ၊ ၄၇) (ကင်္ခါ၊ ဋ္ဌ၊ ၈၈)

၅၇။ မေး။ ။ နိမိတ်တစ်မျိုးတည်းကိုသာ မှတ်သားရတာပါလား၊ အမျိုးမျိုးရောပြီး သတ်မှတ်နိုင်ပါသေးလား။

ဖြေ။ ။ နိမိတ် ၈ မျိုးထဲမှာ ဘယ်နိမိတ်မဆို

http://www.dhammadownload.com



အဆင်သင့် ရရာနိမိတ်ကို သိမ်နိမိတ် ပြုနိုင်ပါတယ်။ အရပ် ၄ မျက်နှာဖြစ်ဖြစ်၊ ၈ မျက်နှာဖြစ်ဖြစ် နိမိတ်တွေကို သတ်မှတ်ရာမှာ သစ်ပင် နိမိတ် တစ်မျိုးတည်း၊ ရေနိမိတ် တစ်မျိုးတည်း စသည်ဖြင့် တစ်မျိုးတည်းကိုလည်း သတ်မှတ်နိုင်ပါတယ်။

အရှေ့အရပ်မှာ သစ်ပင်၊ တောင်အရပ်မှာ တော၊ အနောက်အရပ်မှာ တောင်၊ မြောက်အရပ်မှာ ရေ၊ အဲဒီလို နိမိတ်အမျိုးမျိုးရောပြီးလည်း သတ်မှတ်နိုင်ပါတယ်။

(ကင်္ခါ၊ ဘာဋီ၊ ၄၇)

၅၈။ မေး။ ။ နိမိတ်အနည်းအများ ဘယ်လိုထားနိုင်ပါသလဲ။

ဖြေ။ ။ နိမိတ်ထားရာမှာ ၂ ခုတည်း မထား ရပါ။ ၂ ခုတည်းထားရင် အလျားလိုက်ဖြစ်လို့ ဘေးဘက်မှာ သိမ်အပိုင်းအခြားကို မသိနိုင်ပါ။ ၃ ခုထားရင် ၃ ထောင့် သိမ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် နိမိတ် ၃ ခုကစပြီး အထက်မှာ အလိုရှိသလောက် နိမိတ်များများ ထားနိုင်ပါ တယ်။ ယခုကာလမှာ အရပ် ၈ မျက်နှာဝယ် နိမိတ် ၈ ခု ထားလေ့ရှိကြပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၇)

၅၉။ မေး။ ။ သိမ်နိမိတ် မေး၊ ဖြေရာမှာ ပါဠိဘာသာမဟုတ်ဘဲ မြန်မာဘာသာစကားနဲ့လည်း မေးနိုင် ဖြေနိုင်ပါသလား။

ဖြေ။ ။ မေး၊ ဖြေရာမှာ မြန်မာစကားဖြင့် လည်း

http://www.dhammadownload.com



မေးနိုင် ဖြေနိုင်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၇)

၆၀။ မေး။ ။ သိမ်နိမိတ်ကို ဘယ်နေရာမှာနေပြီး နိမိတ်ကြားရပါသလဲ။

ဖြေ။ ။ ကျမ်းစာအလို သိမ်နေရာ အတွင်းမှာ နေပြီး နိမိတ်ကြားရပါတယ်။ ယခုခေတ်မှာတော့ ၂ ပါး လည်း မက၊ ၃ ပါးလည်းမက၊ နာမည်ကြီးပုဂ္ဂိုလ်တွေ သိမ် နေရာအစွန်အဖျားသွားသွားပြီး ပတ်ပတ်လည် နိမိတ်ကြား လေ့ရှိပါတယ်။ အဲဒီ ထုံးစံဟာ ဘယ်တုန်းက ဘယ်အကျိုး မျှော်ပြီး ဖြစ်ပေါ်လာခဲ့တာ မသိပါ။ အဲဒီလိုကြားတာကို အပြစ်ရှိတယ်လို့ မဆိုလို ပါ။

ဒါပေမယ့် တာဝန်ပိုတာတော့ အမှန်ပဲ ဖြစ်ပါ တယ်။ ၃ ယူဇနာကျယ်တဲ့ သိမ်သမုတ်ကိစ္စ ဖြစ်ခဲ့ရင် အဲဒီ ပုဂ္ဂိုလ်တွေ ဘယ်လိုသွားပြီး နိမိတ်ကြားကြမည်တဲ့နည်း။ (ကင်္ခါ၊ ဘာဋီ၊ ၄၂)

၆၁။ မေး။ ။ သိမ်နိမိတ်ရဲ့အနားရောက်နေပါရင် "ဧသော" နေရာမှာ ဘယ်လိုပြင်ပြီး ဆိုသင့်ပါသလဲ။

ဖြေ။ ။ 'အယံ။ ဣဒံ" စသည်ဖြင့် ပြင်ပြီး ဆို သင့်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၂)

၆၂။ မေး။ ။ သိမ်နိမိတ်မေးပုံ၊ ဖြေပုံ၊ ကြားပုံက ဘယ်လိုပါလဲ။

ဖြေ။ ။ နိမိတ်ကြားရာမှာ သံဃာ့အလယ်တွင်

http://www.dhammadownload.com



နေပြီး ဝိနည်းဓိုရ်တစ်ပါးက (မည်သည့် နိမိတ်ရှိတယ်လို့ သိထားတဲ့) တစ်ပါးပါးကို မေးရပါတယ်။ (ဒီနေရာမှာ "ကျောက်နိမိတ်" ဆိုကြပါစို့။)

ဝိနည်းဓိုရ်မေး။ ။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ဒီသိမ်ရဲ့ အရှေ့အရပ်က အမှတ်အသားက ဘာပါလဲ။

တစ်ပါးကဖြေ။ ။ ပါသာဏော ဘန္တေ = ကျောက်ပါဘုရား။

ဝိနည်းဓိုရ် နိမိတ်ကြား။ ။ ဧသော ပါသာဏော နိမိတ္တံ = အဲဒီကျောက်ဟာ သိမ်ရဲ့ အမှတ် အသားဖြစ်တယ်။

အဲဒီလို တောင်၊ အနောက်၊ မြောက်၊ အစဉ် အတိုင်း မေး၊ ဖြေ၊ ကြားသွားပြီး အရှေ့အရပ်မှာ ပထမကြားအပ်ပြီး နိမိတ်ကိုထပ်ကာမေး၊ ဖြေ၊ ကြားပြီးမှ တန့်ရပ်လိုက်ရပါတယ်။ အဲဒီလိုပြုလုပ်အပ်တဲ့သိမ်ကို "မကျိုးမပြတ် ဆက်စပ်တဲ့နိမိတ်ရှိတဲ့ သိမ်" လို့ ဆိုရပါတယ်။

အဲဒီအတိုင်း အရှေ့အရပ်နိမိတ်ကို ထပ်ပြီး မကြားဘဲ မြောက်အရပ်နိမိတ်ကိုကြား၍ အပြီးမှာ တန့်ရပ်လိုက်ရင်တော့ မြောက်အရပ်နိမိတ်နဲ့ အရှေ့အရပ်နိမိတ်အကြားမှာ ပြတ်နေလို့ သိမ်ပျက်တစ်မျိုးဖြစ်ပါတော့တယ်။

(ကင်္ခါ၊ ဘာဋီ၊ ၄၁၊ ၄၂)

၆၃။ မေး။ ။ နိမိတ်ဖြေရာမှာ ဘယ်လိုပုဂ္ဂိုလ်က ဖြေနိုင်ပါသလဲ။

ဖြေ။ ။ ရဟန်း၊ သာမဏေ၊ လူဝတ်ကြောင်

http://www.dhammadownload.com



ဘယ်သူမဆို ဖြေနိုင်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၇)

၆၄။ မေး။ ။ သိမ်ဟာ ဘယ်လောက်အထိ သေးငယ်နိုင်ပါသလဲ။ ကြီးနိုင်ပါသလဲ။

ဖြေ။ ။ သံဃကံတွေထဲက အဗ္ဘာနကံမှာ သံဃာအများဆုံး ဖြစ်ပါတယ်။ အဲဒီကံမှာ ကံပြုတဲ့ သံဃာ က (အဗ္ဘာန်သွင်းရမယ့်ရဟန်းနဲ့ တကွ) ၂၁ ပါးရှိပါတယ်။ အကျဉ်းဆုံးသိမ်ဟာ ရဟန်း ၂၁ ပါးဆန့်ရပါမယ်။ ၂၁ ပါးမျှ မဆန့်ရင် အလွန်ကျဉ်းတဲ့ သိမ်ပျက်မည်ပါတယ်။

အလွန်ဆုံး ၃ ယူဇနာအထိသာ ကြီးကျယ်တဲ့သိမ်ကို ဘုရားရှင်က ခွင့်ပြုတော်မူထားလို့ ၃ ယူဇနာထက် တစ်ဆံဖျားမျှ ပိုလွန်သွားရင် အကျယ်လွန်သွားတဲ့ သိမ်ပျက် မည်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၀၊ ၄၁)

၆၅။ မေး။ ။ သိမ်ပျက်တွေမှာ ပြုလုပ်အပ်တဲ့ကံဟာ အထမြောက်ပါသလား။

ဖြေ။ ။ အထမမြောက်ပါ။ (ကင်္ခါ၊ ဘာဋီ၊ ၄၁)

၆၆။ မေး။ ။ သိမ်ပျက်ကဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ၁၁ မျိုးရှိပါတယ်။ ၁။ အလွန်ကျဉ်းငယ်တဲ့ သိမ်။ ၂။ အလွန်ကြီးကျယ်တဲ့ သိမ်။ ၃။ နိမိတ်ကျိုးပြတ်တဲ့သိမ်။ ၄။ အရိပ်နိမိတ်ရှိတဲ့သိမ်။ ၅။ နိမိတ်မရှိတဲ့သိမ်။ ၆။ သိမ်ပြင်ဘက်မှာတည်လျက် သမုတ်အပ်တဲ့သိမ်။ ၇။ သမုဒ္ဒရာမှာ သမုတ်အပ်တဲ့သိမ်။ ၈။ မြစ်မှာ

http://www.dhammadownload.com



သမုတ်အပ်တဲ့သိမ်။ ၉။ အလိုလိုဖြစ်တဲ့ အင်းအိုင်မှာ သမုတ်အပ်တဲ့သိမ်။ ၁၀။ မိမိသိမ်နဲ့ သူတစ်ပါးသိမ်ကိုဆက်စပ်ပြီး သမုတ်အပ်တဲ့သိမ်။ ၁၁။ မိမိသိမ် နဲ့ သူတစ်ပါးသိမ်ကိုလွှမ်းမိုးပြီး သမုတ်အပ်တဲ့ သိမ်။

(ကင်္ခါ၊ ဘာဋ္ဌီ၊ ၃၉။ ကင်္ခါ ၊ ဋ္ဌ၊ ၈၇)

၆၇။ မေး။ ။ မြစ်၊ သမုဒ္ဒရာ၊ အိုင်တွေမှာ သိမ်သမုတ်လို့ မရနိုင်ဘူးလား။

ဖြေ။ ။ မြစ်ထဲမှာ ကျောက်စတဲ့ နိမိတ်ကို ထားပြီး နဒီသိမ်သမုတ်ပေမယ့် သိမ် မမည်ပါ။ (ဗဒ္ဓသိမ် မဟုတ်ပါ)၊ နဂိုရ်အတိုင်းကပဲ သံဃကံပြုကောင်းတဲ့ ဥဒကုက္ခေပသိမ် ဖြစ်နေပါတယ်။ သမုဒ္ဒရာ ၄ စင်းက ဘယ် သမုဒ္ဒရာမဆို အလိုလိုဖြစ်တဲ့ ဘယ် အင်းအိုင်မဆို ဗဒ္ဓသိမ် သမုတ်လို့ မဖြစ်။ (ကင်္ခါ၊ ဘာဋ္ဌီ၊ ၄၄)

၆၈။ မေး။ ။ သိမ်ဟောင်းကို လွှမ်းမိုး၍ ဖြစ်စေ၊ ဆက်စပ်၍ဖြစ်စေ သိမ်အသစ်သမုတ်ရင် သိမ်ဟောင်းက ပျက်သွားပါသလား။

ဖြေ။ ။ ရှေးသိမ်ဟောင်းကား မပျက်ပါ။ နောက် သိမ်အသစ်သာ အထမမြောက်တဲ့သိမ်ပျက် ဖြစ်ပါတယ်။ (ကင်္ခါ၊ ဘာဋ္ဌီ၊ ၄၆)

၆၉။ မေး။ ။ ရှေးသိမ်ဟောင်းကို ဘယ်လိုလုပ်မှ ပျက်ပါသလဲ။

ဖြေ။ ။ တမင်္ဂလာနုတ်ရင်ဖြစ်စေ၊ သာသနာ

http://www.dhammadownload.com



ကွယ်ရင်ဖြစ်စေ ပျက်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၆)

၇၀။ မေး။ ။ ရေကို နိမိတ်လုပ်လိုရင် ဘယ်လိုရေက နိမိတ်ဖြစ်နိုင်၍ ဘယ်လိုရေက နိမိတ် မဖြစ်နိုင်ပါသလဲ။

ဖြေ။ ။ မစီးတဲ့ရေဖြစ်ရင် မြစ်၊ ချောင်း၊ အိုင်၊ ကန်၊ တွင်းတွေမှာ တည်တဲ့ရေ (မြေမှာတည်တဲ့ရေ) သာ နိမိတ်လောက်တာမဟုတ်သေးပါ။ သိမ်သမုတ်ခါနီးမှ တူးထားတဲ့တွင်းငယ်မှာ လောင်းထည့်ထားတဲ့ ရေလည်း ကမ္မဝါစာဆုံးသည်အထိ တည်နေရင် နိမိတ်လောက်ပါ တယ်။

အထက် အောက်မှ သဲသောင်ဆည်းထားလို့ မစီးတဲ့ရေ ဖြစ်ရင် မြစ်ထဲကရေလည်း နိမိတ်ဖြစ်နိုင်တာပါပဲ။ ချောင်း၊ လယ်သို့ ရေသွင်းတဲ့ မြောင်း၊ မြစ်၊ သမုဒ္ဒရာတွေမှာ စီးနေတဲ့ရေရော၊ ကမ္မဝါ စာဆုံးသည်အထိ မတည်တဲ့ရေရော၊ အိုး ခွက်၊ လှေတွေမှာ ထည့်ထားအပ်တဲ့ ရေပါ နိမိတ် မဖြစ်ထိုက်ပါ။ (ကင်္ခါ၊ ဘာဋီ၊ ၅၂၊ ၅၃)

၇၁။ မေး။ ။ ရေကို နိမိတ်ပြုပြီးနောက် ခန်းခြောက်သွားရင် ဘာကို သိမ်ရဲ့အမှတ်အသား ပြုထားရပါမလဲ။

ဖြေ။ ။ ရေနိမိတ်ပြုပြီးနောက် ခန်းခြောက်သွားတတ်လို့ အဲဒီနိမိတ်နေရာမှာသဲပုံ၊ ကျောက်ပုံ၊ ကျောက်တိုင်၊ အသား တိုင်၊ တစ်ခုခုကို သိမ်ရဲ့အမှတ်အသား ပြုထားရပါတယ်။ ယခုကာလမှာ လုပတဲ့ကျောက်တိုင်များကို စိုက်ထားကြပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၅၃)

၇၂။ မေး။ ။ နိမိတ်မကြားခင် ဘာလုပ်ရပါမလဲ၊

http://www.dhammadownload.com



ကြားပြီးနောက် ဘာလုပ်ရပါမလဲ။

ဖြေ။ ။ သိမ်နိမိတ် ၈ မျိုးထဲက တစ်မျိုးမျိုးကို အရပ် ၄ မျက်နှာမှာ ထားရပါ တယ်။ အဲဒီနောက် သံဃာ စည်းဝေးပြီး ရှေးဦးစွာ သိမ်နုတ် ကမ္မဝါစာဖတ်လျက် သိမ်နုတ်ကြရပါတယ်။ အဲဒီနောက် သိမ်သမုတ်လိုတဲ့အခါ နိမိတ်ကြားရပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၁)

၇၃။ မေး။ ။ နိမိတ်ကို တစ်ကြိမ် ကြားရင် ပြီးနိုင်တယ်မဟုတ်ပါလား။ ၃ ကြိမ်လိုအပ်ပါသလား။

ဖြေ။ ။ ၃ ကြိမ် နိမိတ်ပြောတာဟာ ခိုင်မြဲအောင် ပြုခြင်းအကျိုးငှာသာဖြစ်ပါတယ်။ တစ်ကြိမ်ဖြင့်လည်း ပြီးနိုင်ပါတယ်။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၂၉၁)

၇၄။ မေး။ ။ သိမ်နိမိတ်ရှိရာအရပ်ကို မသွားဘဲ လည်း နိမိတ်ကိုပြောလို့ရပါသလား။

ဖြေ။ ။ ဝိနည်းမိုရ်ပုဂ္ဂိုလ်က သံဃာစည်းဝေးရာအရပ်မှာပဲ တည်ကာ သက်သက် နိမိတ်ပြောဆိုကြောင်း စကားနဲ့ပဲ သိမ်ရဲ့နိမိတ်အချင်းချင်း ဆက်စပ်စေလျက် နိမိတ်ကိုပြောပြရမယ်။ နိမိတ်ရှိရာအရပ်သို့ မသွားဘဲလည်း အပ်ပါတယ်။သွားခြင်းကြောင့်လည်း အပြစ်မရှိပါ။ (ဝိမတိ)

အဲဒီစကားဟာ မှန်ပါတယ်။ သိမ်ဟာ ၃ ယူဇနာ တိုင်အောင် ကျယ်ပြန့်နိုင်လို့ ဝိနည်းမိုရ်က နိမိတ်ရှိရာ အရပ်ကို သွားပြီးမှ နိမိတ်ကို ပြောရမယ်ဆိုရင် ခြေကျင်သွားလို့တော့ တစ်နေ့တည်းနဲ့ ပြီးနိုင်မယ် မဟုတ်။ မော်တော်ကား

http://www.dhammadownload.com



နဲ့လှည့်ပတ်ပြီး သွားရပါလိမ့်မယ်။ ဆက်ပါဦးမယ်။ ဝိနည်းမိုရ်ပုဂ္ဂိုလ်ဟာ အဲဒီသိမ် နိမိတ်တွေကို မိမိကိုယ်တိုင် သိနေဖွယ် မလို၊ အခြားရဟန်းတွေက သတ်မှတ်ပြီးဖြစ်ရင် ဝိနည်းမိုရ်က "ဘာနိမိတ်လဲ" လို့မေးတဲ့အခါ သိတဲ့ပုဂ္ဂိုလ်က "သစ်ပင်ပါဘုရား" စသည်ဖြင့် လျှောက်ဖို့သာ တာဝန်ရှိပါတယ်။

(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၂၉၁)

၇၅။ မေး။ ။ နိမိတ်မေးသူ၊ နိမိတ်ပြောကြားသူဟာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ရပါမလဲ။

ဖြေ။ ။ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ = အရှေ့ အရပ်က ဘာနိမိတ်လဲ" လို့မေးတဲ့ပုဂ္ဂိုလ်၊ "ဧသော ပဗ္ဗတော နိမိတ္တံ = အဲဒီတောင်ဟာ နိမိတ်ပဲ"လို့ နိမိတ်ပြောတဲ့ ပုဂ္ဂိုလ်ကတော့"ဝိနယဓရေန ပုစ္ဆိတဗ္ဗံ၊ ဝိနယဓရေန ကိတ္တေတဗ္ဗံ = ဝိနည်းမိုရ်က မေးရမယ်၊ ပြောကြားရမယ်" လို့ ဆိုခဲ့လို့ ဝိနည်း နားလည်တဲ့ ရဟန်းသာ ဖြစ်ရပါမယ်။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၂၉၁)

၇၆။ မေး။ ။ သစ်ပင်တစ်ပင်တည်းကို သိမ်နှစ်လုံးရဲ့ နိမိတ်လုပ်ထိုက်ပါသလား။

ဖြေ။ ။ တစ်ခုတည်းရှိတဲ့ သစ်ပင် နိမိတ်ဟာ ကြီးကျယ်လာတဲ့အခါ သိမ်နှစ်လုံးကို ရောနှောသွားအောင် လုပ်တတ်လို့ အဲဒီလို သစ်တစ်ပင်တည်းကို သိမ်နှစ်လုံးရဲ့ နိမိတ် မလုပ်ထိုက်ပါ။

http://www.dhammadownload.com



ဆက်ပါဦးမယ်။ "သီမာသင်္ကရ ကရောတိ၊ သိမ်ချင်း ရောယှက်မှုကိုပြုတယ်" ဆိုတာ ရှေးမှာ ဗဒ္ဓသိမ် နှစ်လုံး (ခဏ္ဍသိမ်နဲ့မဟာသိမ်)ကို ပြရာဝယ် သစ်ပင်ရဲ့ အကိုင်း၊ မြစ်ပျဉ်းတွေက အခြားတစ်သိမ်ပေါ်ရောက်ပြီး ထောက်မိနေခြင်းအားဖြင့် သိမ်ချင်းရောယှက်သွားခြင်းမျိုးကဲ့သို့ ဒီမှာလည်း "ကြီးကျယ်လာတဲ့သစ်ပင်က သိမ်နှစ်လုံးအတွင်းသို့ ဝင်ရောက်သွားခြင်းအားဖြင့် သိမ်ချင်း ရောယှက်မှုဖြစ်တယ်" လို့ ဆိုလိုပါတယ်။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၈)

၇၇။ မေး။ ။ အဲဒီလို ရောယှက်သွားတဲ့အတွက် အဲဒီသိမ် ပျက်သွားပါသလား။

ဖြေ။ ။ အဲဒီသိမ်တော့ ပျက်မသွားပါ၊ ကံပြုတဲ့ အခါမှာသာ အခြား တစ်သိမ်တွင်းရှိ သံဃာကို သုတ်သင်ရပါမယ်။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၅၈)

၇၈။ မေး။ ။ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပ သိမ်တွေမှာ ဘာကြောင့် ဥပစာအတွက် သတ္တဗ္ဘန္တရအပို၊ ဥဒကုက္ခေပ အပိုကို ထားရပါသလဲ။

ဖြေ။ ။ အစွန်ဆုံးပရိသတ်မှစပြီး သတ္တဗ္ဘန္တရ၊ ဥဒကုက္ခေပကို ပိုင်းခြားရပါတယ်။ အဲဒီသိမ်အပိုင်းအခြားအတွင်းမှာ ဟတ္ထပါသ်မစပ်ဘဲနေတဲ့ ရဟန်း၊ အဲဒီ သိမ် ဥပစာကို မလွန်ဘဲနေတဲ့ ရဟန်းဟာ ကံကို ပျက်စေနိုင်ပါတယ်။ ဒါကြောင့် ဥပစာအပိုတစ်ခု ထားရပါတယ်။

(ကင်္ခါ၊ ဘာဋီ၊ ၆၄၊ ၌၊ ၉၁)

http://www.dhammadownload.com



၇၉။ မေး။ ။ ဗဒ္ဓသိမ်များ၌ သိမ်အတွင်းမှာ ဟတ္ထပါသ် မစပ်ဘဲနေတဲ့ရဟန်းသာ ကံကို ပျက်စေတယ်၊ သိမ်ပြင်ဘက် သီမန္တရိက်မှာ နေတဲ့ရဟန်းက ကံကို မပျက်စေနိုင်ပါ။ ဒီ ဥဒကုက္ခေပနဲ့ သတ္တဗ္ဘန္တရသိမ်တွေမှာတော့ ဥပစာအပိုင်းအခြားကို မလွန်ဘဲနေသူလည်း ကံပျက်စေနိုင်တယ် ဆိုတဲ့စကားဟာ မလွန်လွန်းပါသလော။

ဖြေ။ ။ မဟာအဋ္ဌကထာစတဲ့အဋ္ဌကထာတိုင်းရဲ့ အဆုံးအဖြတ်ဖြစ်လို့ စောဒကတက်ဖွယ် မလို။ အဲဒီ အဆိုအတိုင်းသာ မှတ်ရမယ်။ (ကင်္ခါ၊ ဘာဋီ၊ ၆၄၊ ၅၃၊ ၉၁)

၈၀။ မေး။ ။ ရေကို နိမိတ်ပြုလုပ်ရာမှာ စီးသွားတဲ့ရေကို ဘာကြောင့် နိမိတ်မလုပ်နိုင်ပါသလဲ။

ဖြေ။ ။ "ဓတံ (ဌိတံ) ဥဒကံ နိမိတ္တံ" လို့ ရေနိမိတ်ကြားတဲ့အခါ မစီးတဲ့ရေကိုသာ "ဓတံ" လို့ ညွှန်ပြလို့ ဖြစ်ပါတယ်။ စီးတဲ့ရေကတော့"ဓတံ" လို့ညွှန်ပြပြီးလျှင်ပြီးချင်း အခြားရေတစ်မျိုး စီးလာတယ်။ အဲဒီလိုဆိုရင် နိမိတ်ကြားအပ်တဲ့ရေက တစ်မျိုး၊ ကမ္မဝါစာ ဖတ်ခိုက် ရေက တစ်မျိုး ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် "မစီးတဲ့ရေ" လို့ မိန့်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၅၂)

၈၁။ မေး။ ။ နိမိတ်ဟာသိမ်အတွင်းကလား၊ အပြင်ကလား။

ဖြေ။ ။ နိမိတ်ဆိုတာ သိမ်ရဲ့အပိုင်းအခြား

http://www.dhammadownload.com



အမှတ်အသားဖြစ်လို့ နိမိတ်တစ်ခုလုံး သိမ်အပြင်ဘက်မှာသာ တည်ရှိစေရပါတယ်။ (ကင်္ခါ၊ဘာဋီ၊ ၄၈)

၈၂။ မေး။ ။ကျောက်ကိုနိမိတ်လုပ်လိုရင် ကျောက်ရဲ့ အငယ်ဆုံး ပမာဏ၊ အကြီးဆုံး ပမာဏက ဘယ်လောက်ရှိရမှာပါလဲ။

ဖြေ။ ။လောကီကျမ်းတွေမှာတော့ "တစ်ပိုလ်ဟာ အချိန် ၄ ကျပ်သားရှိတယ်" လို့ တစ်ညီတစ်ညွတ်တည်းဆိုပါတယ်။ "၃၂ ပိုလ်ဆိုတာ ၁၂၈ ကျပ်သား အချိန်ရှိပါတယ်။ အဲဒီလောက်အချိန်စီးတဲ့ထန်းလျက်(ကြံသကာ) အခဲနဲ့ အရွယ်ချင်းညီမျှတဲ့ ကျောက်တုံး၊ သံတုံးဟာ အငယ်ဆုံး ကျောက်နိမိတ်ပါပဲ။ အဲဒီအရွယ်ကစပြီး ဆင်လောက်မကြီးသေးသမျှ ကျောက်ဟာ ကျောက်နိမိတ်မှာ ပါဝင်နိုင်ပါတယ်။ ဆင်လောက် ကြီးရင် တောင်နိမိတ်ဖြစ် သွားတယ်လို့ ဆိုလိုပါတယ်။ ကျောက်တုံးမဟုတ်ဘဲ ကျောက်ဖျာဖြစ်ရင် အလွန်ကြီးပေမယ့် တောင်မဟုတ်တော့လို့ ကျောက်နိမိတ်မှာ ပါဝင်ရပါတယ်။ ဒါပေမယ့် ကျောက်ဖျာ တစ်ပိုင်းကိုသိမ်တွင်းသွင်းလိုရင် အဲဒီ ကျောက်ဖျာကို နိမိတ် မလုပ်ရ။ (ကင်္ခါ၊ ဘာဋီ၊ ၄၉)

၈၃။ မေး။ ။နိမိတ်ဖြစ်တဲ့တောင်နဲ့ မဖြစ်တဲ့တောင်က ဘာပါလဲ။

ဖြေ။ ။ ရိုးရိုးဆင်ရဲ့ပမာဏဟာ ၇ တောင်၊

http://www.dhammadownload.com



သို့မဟုတ် ၇ တောင့်ထွာရှိပါတယ်။ ဆင်လောက်ကြီးတဲ့ တောင်ဟာ နိမိတ်ဖြစ်ပါတယ်။ ဆင်ပမာဏထက် ကြီးချင်သလောက် ကြီးနိုင်ပါတယ်။ ဆင်အောက်ငယ်ရင် တောင်နိမိတ်မလောက်တော့ပါ။ ကျောက်နိမိတ်ထဲ ပါဝင်သွားပါမယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၈)

၈၄။ မေး။ ။ ဘယ်လိုတောက နိမိတ်ဖြစ်နိုင်ပြီး ဘယ်လိုတောက နိမိတ်မဖြစ်နိုင်ပါသလဲ။

ဖြေ။ ။ သစ်ပင် ၄ ပင်ရှိတောမှာ "အတွင်း အနှစ်ရှိသစ်ပင်က ၃ ပင်၊ အတွင်းအနှစ်မရှိတဲ့ သစ်ပင်က ၁ ပင်ရှိမယ်" လို့ရော။ ၅ ပင်ရှိရာမှာ အတွင်းအနှစ်ရှိ သစ်ပင်က ၃ ပင်၊ အတွင်းအနှစ်မရှိတဲ့သစ်ပင်က ၂ ပင်ပါနိုင် ပါတယ်" လို့ရော ဋီကာ ဆိုပါတယ်။ ဒီစကားစဉ်အရ အနည်းဆုံး အတွင်းအနှစ်ရှိသစ်ပင် ၃ ပင်နဲ့ အခြားသစ်ပင်တွေရှိရင် တောနိမိတ်လောက်ပါပြီ။ လုံးလုံး အနှစ်မရှိတဲ့ မြက်တော၊ အခေါက်သာ အနှစ်ပါတဲ့ ထန်း၊ အုန်း၊ ခနဲ၊ ကွမ်းသီးတောတွေကတော့ တောနိမိတ်မလောက်ကြပါ။

(ကင်္ခါ၊ ဘာဋီ၊ ၅၀)

၈၅။ မေး။ ။ နိမိတ်ဖြစ်နိုင် မဖြစ်နိုင်တဲ့သစ်ပင်တွေ က ဘာပင်တွေပါလဲ။

ဖြေ။ ။ သေနေတဲ့သစ်ပင်၊ အခေါက်သာ အနှစ်ပါ တဲ့သစ်ပင်၊ အိုးမှာထည့်ထားတဲ့သစ်ပင်များဟာ

http://www.dhammadownload.com



နိမိတ် မဖြစ်နိုင်ကြပါ။ အသက်ရှင်ဆဲလည်းဖြစ်၊ အတွင်းမှာ အနှစ်လည်းပါတဲ့ မြေကြီးမှာ တည်ရှိ သစ်ပင်ဟာ နိမိတ်ဖြစ်နိုင်ပါတယ်။

အမြင့်က လက် ၈ သစ်၊ လုံးပတ်က သီဟိုဠ် ကညစ်ရိုးပမာဏ(လက်သန်းလောက်) ရှိရပါမယ်။ အဲဒီအောက်ငယ်ရင် နိမိတ်မဖြစ်ပါ။ ဒါကြောင့် အိုးထဲမှာ ထည့်ထားတဲ့ သစ်ပင်ကို မြေချပြီး စိုက်ကာ ရေဝပ်စရာရှိအောင် ကံသင်း(ကစင်း)ဖွဲ့ကာ ရေလောင်းပြီးမှ နိမိတ် လုပ်ကြပါတယ်။ အမြစ်သစ်၊ အရွက်သစ်ထွက်အောင်ကား ဆိုင်းငံ့ဖို့မလိုပါ။

(ကင်္ခါ၊ ဘာဋီ၊ ၅၀)

၈၆။ မေး။ ။ နိမိတ်ဖြစ်နိုင်တဲ့လမ်း၊ မဖြစ်နိုင်တဲ့လမ်းက ဘယ်လိုလမ်းပါလဲ။

ဖြေ။ ။ ဂါမရဲ့ပတ်လည်လမ်းအတိုများ၊ တောသွား၊ မြစ်ချောင်းသွားလမ်းများဟာ နိမိတ်မဖြစ်။ အသုံးပြုဆဲဖြစ်ပြီး ဂါမခေတ် ၂ ခု၊ ၃ ခုကို ထုတ်ချင်းဖောက် လမ်းသာ(လှည်းသွားလမ်း၊ ခြေသွားလမ်းသာ)နိမိတ်ဖြစ်ပါတယ်။ ရှေးတုန်းက အသုံးပြုဖူးပေမယ့် အဲဒီနိမိတ်လုပ်ချိန်မှာ အသုံးမပြုဘဲ ပစ်ထားရင် လမ်းနိမိတ် မဖြစ်။ (ကင်္ခါ၊ ဘာဋီ၊၅၁)

၈၇။ မေး။ ။ တောင်ပို့နိမိတ်မှာ နိမိတ်ဖြစ်တဲ့တောင်ပို့နဲ့၊ နိမိတ်မဖြစ်တဲ့ တောင်ပို့က ဘယ်လိုပါလဲ။

ဖြေ။ ။ အရှည်လက် ၈ သစ်၊ လုံးပတ် နွားချို

http://www.dhammadownload.com



လောက်ရှိတဲ့ တောင်ပို့တောင်မှ နိမိတ်လောက်ပါတယ်။ အဲဒီအောက် ငယ်ရင် မလောက်၊ ကြီးရင် ဟိမဝန္တာတောင် လောက်ပင်ရှိပါစေ လောက်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၅၂)

၈၈။ မေး။ ။ နိမိတ်ကျိုးပျက်တဲ့သိမ်တစ်မျိုး ရှိသေးပါသလား။

ဖြေ။ ။ ရှိပါသေးတယ်။ နိမိတ်မလောက်တဲ့ အခွံလျှင်အနှစ်ရှိတဲ့ ထန်းပင်၊ အုန်းပင်စသည်ကိုဖြစ်စေ၊ သစ်ငုတ်တိုကို ဖြစ်စေ၊ မြေပုံ၊ သဲပုံတစ်ခုခုကို တောင်နိမိတ် ပြု၍ဖြစ်စေ သမုတ်ထားတဲ့သိမ်ဟာလည်း အဲဒီနိမိတ် တစ်ခုအတွက် နိမိတ် မဟုတ်လို့ နိမိတ်ကျိုးပျက်တဲ့သိမ်ပဲ ဖြစ်ပါတယ်။ (ကင်္ခါ၊ ဘာဋီ၊ ၄၃)

၈၉။ မေး။ ။ ရေတွင်းနက်နက်ထဲက ရေဟာ ရေနိမိတ် ဖြစ်နိုင်ပါသလား။

ဖြေ။ ။ ရေတွင်း စသည်မှာ တည်တဲ့ရေဟာ နက်ပြီး နေလို့ ကြိုးတပ်ထားတဲ့ပုံးနဲ့ခပ်ယူရရင် အဲဒီရေကို ရေနိမိတ် မလုပ်ကောင်းလို့ အန္ဓကအဋ္ဌကထာမှာ ဆိုထားပါတယ်။ အဲဒီအဆိုဟာ မကောင်းသဖြင့် ဆိုအပ်တဲ့ အဆိုပါပဲ။ သူ့အယူမျှသာပါပဲ။

(ဝိနည်း မဟာဝါ၊ဘာဋီ၊ ၃၀၂၊ ဋ္ဌ၊ ၃၂၂)

၉၀။ မေး။ ။ တွင်းတူးပြီးရေလောင်းထည့်ထားရင် ရေနိမိတ်ဖြစ်ပါသလား။ ရေနည်းနည်းရှိရင် ဖြစ် ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ ယခုအခါမှာ ရေနိမိတ်လုပ်ရာဝယ် တွင်းငယ်တူးပြီး အဲဒီတွင်းမှာ ရေလောင်းထားကြပါတယ်။ သမာနသံဝါသက သိမ်သမုတ်တဲ့ ကမ္မဝါစာ ဆုံးတဲ့အထိ အဲဒီရေ တည်ရင် ရေနိမိတ်လုပ်ရန် အပ်လို့ အဲဒီအတိုင်း ပြုစီမံကြပါတယ်။ တည်တဲ့ရေဟာနည်းနည်းများများ နိမိတ် လုပ်နိုင်ပါတယ်။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၃၊ ဋ္ဌ၊ ၃၂၂)

၉၁။ မေး။ ။ ဥဒကုက္ခေပသိမ်မှာ ရေ (သဲ) ကိုပစ်ချ မှ သိမ်ဖြစ်ပါသလား။

ဖြေ။ ။ ဥဒကုက္ခေပသိမ်မှာ ရေ (သဲ) ပစ်ချပုံ ကို ပြထားပေမယ့် အဲဒီလို ရေ (သဲ) ပစ်ချမှ သိမ်ဖြစ်တာ မဟုတ်ပါ။ ကံပြုမယ်လို့ ရဟန်းတွေ ဆင်းသွားရင်ပဲ ရဟန်း တွေတည်နေရာ ပတ်ဝန်းကျင် ရေ(သဲ)ကျလောက်ရာ အရပ် ဟာ အလိုလို သိမ်ဖြစ်ပါတော့တယ်။ (ကင်္ခါ၊ ဘာဋီ၊ ၆၁)

၉၂။ မေး။ ။ အဲဒီရေ၊ သဲကို ပစ်တဲ့အခါ လက်ကို အထက်မြှောက်ဖွယ်လိုပါသလား။ ရေ (သဲ) ပစ်နည်းကို အနည်းငယ် ရှင်းပြပါဦး။

ဖြေ။ ။ ရေ၊ သဲကို ပစ်တဲ့အခါ လက်ကို အထက် မြှောက်ဖွယ်မလိုပါ။ ကစားသမားတွေ သစ်သား လုံး၊ အန်စာ ပစ်သလို လက်ကိုအောက်ချကာ ပစ်ရပါ တယ်။ (ကင်္ခါ၊ ဘာဋီ၊ ၆၁)

၉၃။ မေး။ ။ ရဟန်းများ စုဝေးမိတဲ့အခါ သဲ၊ ရေ တွေကို ပစ်ချပြီးမှ ဥဒကုက္ခေပသိမ် ဖြစ်ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ ရဟန်းများ စုဝေးမိတဲ့အခါ သဲ၊ ရေတွေကို ပစ်ချပြီးမှ ဥဒကုက္ခေပသိမ်ဖြစ်တာ မဟုတ်ပါ။ သဲတစ်ကျ၊ ရေတစ်ကျ ခန့်မှန်းချက်အရပ်အတွင်းမှာ အလိုလိုသိမ်ဖြစ်တာပါပဲ။ ဒါကြောင့် "ကံပြုမယ်" လို့ စီစဉ်ပြီး နေတုန်း နောက်ထပ်သံဃာများ တိုးပြီးလာရင် သိမ်ဟာ အလိုလို ကျယ်ဝန်းသွားပါတယ်။

(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၆)

၉၄။ မေး။ ။ မြစ်တစ်စင်းလုံး သံဃာတွေနဲ့ ပြည့်နေရင် ဥဒကုက္ခေပသိမ်ပြုလုပ်ဖို့လိုပါသလား။

ဖြေ။ ။ မြစ်တစ်စင်းလုံး သံဃာတွေနဲ့ ပြည့်နေလို့ ပတ်ဝန်းကျင်မှာ မြစ်ရေမရှိတဲ့အတွက်ဥဒကုက္ခေပမလုပ်ဘဲ (ရေတစ်ကျ မပြုလုပ်ဘဲ) အလိုလိုသိမ်ဖြစ်နေလို့ "ဥဒကုက္ခေပသီမာကမ္မံ နတ္ထိ- ဥဒကုက္ခေသိမ် ပြုဖွယ် မရှိ" လို့ ဆိုပါတယ်။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၇)

၉၅။ မေး။ ။ ရေသိမ်မှာ ဘယ်လိုလုပ်ပြီး ကံပြုကြပါသလဲ။

ဖြေ။ ။ ရေသိမ်လို့ခေါ်တဲ့ ဥဒကုက္ခေပသိမ်မှာ ကံပြုတဲ့အခါ လှေကိုထိုးဝါးနဲ့ထောက်ထားပြီး ဖြစ်စေ၊ လေးလုံလုတဲ့ ကျောက်တုံးကို လှေမှာဆွဲကာ အောက်မှာချပြီး (ကျောက်ချပြီး) ဖြစ်စေ ကံပြုကြပါတယ်။

အောက်နိုင်ငံမှာတော့ မိုး ၄ လပတ်လုံး အမြဲ ရေ

http://www.dhammadownload.com



တည်တဲ့ ရေစမှာ ဥပုသ်ကျောင်းငယ် ဆောက်ပြီးလည်း ဥပုသ်ပြုကြပါတယ်။ မိုး ၄ လ ရေမတည်တဲ့နေရာမှာတော့ အဲဒီဥပုသ်ကျောင်း မဆောက်ရပါ။

(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၄၉)

၉၆။ မေး။ ။ ဥဒကုက္ခေပသိမ်အတွင်းမှာ ဝဲလှည့် သလို လှည့်နေတဲ့လှေမှာ ကံပြုနိုင်ပါသလား။

ဖြေ။ ။ "လှေက သွားနေရင် အဲဒီလှေဟာ အဲဒီ ဥဒကုက္ခေပအရပ်ကို လျင်စွာပဲ လွန်စေနိုင်တယ်" လို့ ဆိုလို့ "အဲဒီဥဒကုက္ခေပအတွင်းမှာ ဝဲလှည့်သလို လှေကို လှည့် လည် စေနိုင်ရင် သွားနေတုန်းပဲ ဖြစ်ပေမယ့်လည်း ကံပြုနိုင် တယ်" လို့ သိသာပါတယ်။

ဝိမတိ။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၉)

၉၇။ မေး။ ။ မြစ်တွင်းမှာပေါက်နေတဲ့ သစ်ပင်ပေါ် တက်ပြီး ကံပြုရင် သစ်ကိုင်းက ဥဒကုက္ခေပသိမ်ရဲ့ အပြင် ဘက်ထွက်နေက ကံပြုရပါသလား။

ဖြေ။ ။ သစ်ပင်ပေါ်တက်ပြီး ကံပြုရာမှာ "ဥဒ ကုက္ခေပသိမ်ရဲ့အပြင်ဘက်ထွက်တဲ့ သစ်ကိုင်းပေါ်မှာတော့ မပြုရ" လို့ ဋီကာတို့ဆိုကြပါတယ်။

(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၉)

၉၈။ မေး။ ။ ရေတစ်ကျ၊ သဲတစ်ကျနဲ့သတ်မှတ်တဲ့ ဥဒကုက္ခေပသိမ်ဖြစ်နိုင်ရာ မြစ်က အမြဲတမ်းရေစီး ဆင်းနေရ

http://www.dhammadownload.com



မှာပါလား။

ဖြေ။ ။ အဲဒီမြစ်မှာ မိုး ၄ လတွင် ရေအယဉ် မပြတ်စဲရ။ ဆိပ်ကမ်းကဖြစ်စေ၊ ဆိပ်ကမ်းမဟုတ်တဲ့နေရာကဖြစ်စေ ဆင်းသွားပြီး ပုဆစ်ဒူးဝန်း ၂ ဘက်၊ ချက်ဆိုတဲ့ အဝန်း ၃ ပါးကို ဖုံးအောင်ဝတ်ကာ သင်းပိုင်ကို မမြှောက်ဘဲ တက်သွားတဲ့ရဟန်းမရဲ့ (ရဟန်းရဲ့) သင်းပိုင်မှာ လက် ၁ သစ် ၂ သစ်လောက် ရေစိုရင် အဲဒါ "မြစ်" ခေါ်ရတာပါပဲ။

(ကင်္ခါ၊ ဘာဋီ၊ ၅၉၊ ၄၁၊ ၉၀)

၉၉။ မေး။ ။ မြစ်၊ အင်းအိုင်၊ သမုဒ္ဒရာတွေမှာ ရေတစ်ကျ၊ သဲတစ်ကျနဲ့ပိုင်းခြားသတ်မှတ်ရတဲ့ ဥဒကုက္ခေပသိမ် ပြုနိုင်ရာ နေရာက ဘယ်နေရာပါလဲ။

ဖြေ။ ။ မြစ်နဲ့အင်းအိုင်တွေမှာ မိုးမှန်မှန် ရွာတဲ့ မိုးကာလဝယ် ရေလွှမ်းတဲ့ အရပ်က စပြီး အတွင်းကျတဲ့ အရပ်သာ ဥဒကုက္ခေပသိမ်ပြုနိုင်ရာနေရာ(ကပ္ပိယဘူမိ) ဖြစ်ပါတယ်။ အလွန်မိုးကောင်းမှ မိုးရေလွှမ်းတဲ့ အရပ်ဟာ ဥဒကုက္ခေပသိမ် ပြုနိုင်ရာနေရာ (ကပ္ပိယဘူမိ) မဟုတ်ပါ။

သမုဒ္ဒရာမှာ တက်ရိုးတက်စဉ်လှိုင်းတက်ကာ ပြန်ကျပြီး ငြိမ်သက်စွာတည်နေတဲ့အရပ်ရဲ့ အတွင်းဘက်သာ ဥဒကုက္ခေပသိမ်ပြုနိုင်ရာနေရာ(ကပ္ပိယဘူမိ) ဖြစ်ပါတယ်။ တစ်ခါတစ်ရံ လေမုန်တိုင်းကျလို့ အလွန်အကျွံ လှိုင်းတက်ပြီးနောက် ပြန်ကျပေမယ့် နဂိုအနေရောက်အောင် မကျတဲ့

http://www.dhammadownload.com



အရပ်ဟာ ကပ္ပိယဘူမိ မဟုတ်ပါ။ (ကင်္ခါ၊ ဘာဋီ၊ ၆၂)

၁၀၀။ မေး။ ။ "ဇာတသရ" (အလိုလိုဖြစ်တဲ့ရေအိုင်) ဆိုတာ ဘယ်လိုအိုင်မျိုးပါလဲ။

ဖြေ။ ။ မည်သူမှ၊ တောဝက် စတဲ့ တိရစ္ဆာန်သော်မှ မတူးရဘဲ တောင်ကျရေစသည်တိုက်စားလို့ အလိုလိုအိုင်ဖြစ်သွားတဲ့ ရေအိုင်ရော။ မြစ်၊ သမုဒ္ဒရာကမ်းတွေကို လွှမ်းကျော်ဖောက်ခွဲပြီး ထွက်လာတဲ့ မြစ်ရေ၊ သမုဒ္ဒရာ တိုက်စားလို့ (ကာလကြာတဲ့အခါ မြစ်၊ သမုဒ္ဒရာနဲ့ မဆက်ဘဲ) သီးခြား ရေမြောင်းဖြစ်သွားတဲ့ အိုင်ပါ မိုး ၄ လ ရေတည်ရှိရင် ဥဒကုက္ခေပသိမ်ဖြစ်နိုင်ရာ ဇာတသရ = အလိုလိုဖြစ်တဲ့ ရေအိုင် မည်ပါတယ်။

(ကင်္ခါ၊ ဘာဋီ၊ ၅၉)